# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၅/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ယခုရက်ပိုင်း ကုလားပဲဈေးများ အနည်းငယ်မြင့်တက်လာ
- ဈေးကွက်အေးနေသော မအူပင်ခရိုင် ငရုတ်ဈေးကွက်အခြေအနေ

### နိုင်ငံတကာဈေးကွက်

- ဖိလစ်ပိုင်၏ ဆန်ဝယ်လိုအား မြင့်တက်လာသဖြင့် ထိုင်းနိုင်ငံ အစိုးရက ဆန်တင်ပို့မှု တိုးမြှင့်သွားရန်ရှိ
- ဖိလစ်ပိုင်ဈေးကွက်သို့ ဗီယက်နမ်ဆန်တင်ပို့ရာတွင် ယှဉ်ပြိုင်မှုများ မြင့်မားလာ
- ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ၄၂ ရာခိုင်နှုန်းတိုးမြှင့်
- ထိုင်းနိုင်ငံဆန်ပို့ကုန်လုပ်ငန်းရှင်များက ဒုတိယလပတ်တွင်ဆန်ဈေးပိုမိုမြင့်တက်လာနိုင်ကြောင်းခန့်မှန်း
- ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာ
- အယ်လ်နီညို၏ သက်ရောက်မှုရှိသော်လည်း စပါးအထွက်တိုးရန် ဖိလစ်ပိုင်အစိုးရမျှော်မှန်း
- ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority-NFA) မှ စပါးများကို ဈေးနှုန်းမြင့်၍ စတင်ဝယ်ယူ
- အိန္ဒိယအစိုးရက ပဲမျိုးစုံအား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် အကန့်အသတ်မရှိဝယ်ယူပေးမည်ဟု ကမ်းလှမ်း၍ ပြည်နယ် ၃ ခုအား ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန် တွန်းအားပေး
- ပြည်ပမှပဲစင်းငုံတင်သွင်းလျက်ရှိသော်လည်း အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းဆက်လက် မြင့်မားနေ
- အကောက်ခွန်လွတ် စားတော်ပဲတင်သွင်းခွင့်ကို အိန္ဒိယအစိုးရက ၂ လ သက်တမ်းတိုး
- Maldives သို့ သကြား၊ ဆန်နှင့် ကြက်သွန်နီများတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ
- ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့မှု တန်ချိန်ကျဆင်းသော်လည်း တန်ဖိုးတိုးတက်
- ရှရှားရေနံ အဓိကဝယ်ယူသူများသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများဖြစ်
- ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်တင်သွင်းမှုအပေါ် ဖြေလျှော့ပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်
- တရုတ်နှင့် ဘရာဇီးတို့၌ အထွက်တိုးတက်မှုက အမေရိကန်၏ ၂၀၂၅ ခုနှစ် ပြောင်းသီးနှံပို့ကုန် ကျဆင်းစေဖွယ်ရှိ
- အိန္ဒိယနိုင်ငံ၌စားအုန်းဆီတင်သွင်းမှုကျဆင်းပြီးနေကြာဆီတင်သွင်းမှုမြင့်တက်
- ယူကရိန်းနိုင်ငံ၌ နေကြာဆီထုတ်လုပ်မှု မြင့်တက်
- ဗီယက်နမ်မှ အုန်းသီးနှင့်အေးခဲထားသောဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်
- စီးပွားရေးလုပ်ငန်းအသစ်များပေါ်ပေါက်လာမှုကို အဟန့်အတားဖြစ်စေနိုင်သည့် တရုတ်နိုင်ငံ၏သွင်းကုန်များအားအမေရိကန်နိုင်ငံကလက်ခံမည်မဟုတ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Ms. Janet L. Yellen က ပြောကြားခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၈၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ဒူးရင်းသီးအတွက် စံနှုန်းများကို ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိ
- ဂျာမန်ဝန်ကြီးချုပ် Scholz က တရုတ်ကားများကို လက်ခံကြိုဆိုသော်လည်း တရားမျှတသောပြိုင်ဆိုင်မှုဖြစ်စေလိုကြောင်း တိုက်တွန်းပြောဆို
- ရုရှားအစိုးရက ခရမ်းချဉ်သီးတန်ချိန် ၁ သိန်းအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ခွင့်ပြုခဲ့
- အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီ (Coconut Oil) တင်ပို့မှု သိသိသာသာလျော့ကျ
- အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကြမ်းတင်ပို့မှုတွင် ဥရောပနိုင်ငံများသို့ အများဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီ အသင်း(The Indonesia Palm Oil Association–GAPKI) က ထုတ်ပြန်ခြင်း
- ဂျာမနီ၏ ၂၀၂၄ ခုနှစ် ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်ကို သုည ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးမြှင့်
- စင်ကာပူ–နယ်သာလန်အကောက်ခွန်ဌာနများအကြား Container Track and Trace Service အတွက် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး
- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ၆၃ ရာခိုင်နှုန်းကျော်မှ လစာ တိုးမြှင့်ပေးသွားမည်
- ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ကြံရည်ကို အမေရိကန်ပြည်ထောင်စုတွင် လူကြိုက်များလာ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်အုန်းသီးဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲ ပြုလုပ်
- အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အစည်းအဝေးကျင်းပ
- လာမည့် မိုးနှင့်ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်အောင် အထူးအထွက်တိုးဇုန်များ သတ်မှတ်

### ပြည်ပကုန်သွယ်မှုသတင်း

- ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါး တင်ပို့နိုင်ခဲ့
- လာမည့်မေလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် (၅၂) စင်းဝင်ရောက်ဆိုက်ကပ်ရန်ရှိ

### အထူးဆောင်းပါးများ

- ကော်ဖီ၊ ဆန်နှင့် သစ်သီးဝလံများတိုးမြှင့်တင်ပို့ခဲ့မှုကြောင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာထွက်ကုန် ကုန်သွယ်မှုပိုငွေသည် ပထမ (၃)လပတ်အတွင်း နှစ်ဆနီးပါး မြင့်တက်လာခဲ့
- ဗီယက်နမ်နိုင်ငံ၏ပုစွန်တင်ပို့မှု ကမ္ဘာ့ဈေးကွက်တွင်အားကောင်းလာ

### ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ

## ပြည်တွင်းဈေးကွက်

### ယခုရက်ပိုင်း ကုလားပဲဈေးများ အနည်းငယ်မြင့်တက်လာ

ကုလားပဲအုပ်စုသည် ပြည်တွင်းစားသုံးမှုများသည့် ပဲအမျိုးအစားဖြစ်သည့်အတွက် ရောင်းလိုအားနှင့် ဝယ်လိုအားမှာ ပုံမှန်လောက်သာရှိနေသည်။ ယခုအခါ ပို့ကုန်ပဲများ ဈေးမြင့်တက်လာသလို ပြည်တွင်းသုံးကုလားပဲ အုပ်စုများလည်း လှော်လက်သမားများမှ ဝယ်လိုအားရှိနေတဲ့ အတွက် ယခုရက်ပိုင်း ဈေးအနည်းငယ် မြင့်တက်လာသည်။

ကုလားပဲသည် ယခုရာသီတွင် အလှူအတန်းများ၌ အသုံးများသလို ပဲခွဲစက်၊ ပဲမှုန့်ကြိတ်စက်များမှလည်း ဝယ်ယူမှုများ ရှိနေတဲ့အတွက် အရောင်းအဝယ်သွက်နေတဲ့ ကာလဖြစ်ပါသည်။ ပြီးခဲ့သည့် မတ်လကုန်ပိုင်းတွင် ကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၈၀,၀၀၀ အထိ ဈေးကျဆင်းနေရာမှ ယခုလဧပြီလ ဒုတိယပတ်တွင် ကုလားပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၈၇,၅၀၀ အထိ ဈေးပြန်လည်မြင့်တက်လာတဲ့အတွက် ကုလားပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၇,၅၀၀ အထိဈေးမြင့် တက်လာသည်ကို အောင်လံကုန်စည်ဒိုင် ဈေးနှုန်းသတင်းများအရသိရသည်။ Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး

Source: [https://myantrade.gov.mm/article/naypyitaw_12042024_335](https://myantrade.gov.mm/article/naypyitaw_12042024_335)

## ဈေးကွက်အေးနေသော မအူပင်ခရိုင် ငရုတ်ဈေးကွက်အခြေအနေ

မအူပင်ခရိုင်သည်စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ခရိုင်တစ်ခုဖြစ်သည်။ ငရုတ်လှိုင်လှိုင်ပေါ်သော ယခုလိုအချိန်အခါတွင် ယခင်နှစ်က မအူပင်ခရိုင်အနေဖြင့် ၃၉,၆၈၁ ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်း ၃၆၄ ဒသမ ၅၆ ပိဿာနှုန်းထွက်ရှိ၍ ငရုတ်ပိဿာ စုစုပေါင်းထွက်ရှိမှု ၁၄,၄၇၀,၁၅၇ ပိဿာခန့် ထွက်ရှိခဲ့သည်။ ထွက်ရှိသော ငရုတ်သီးနှံများကို ပြည်ပဝယ်လိုအားရရှိပြီး တစ်ပိဿာလျှင် ၆,၅၀၀ ကျပ်ဖြင့် ဈေးကောင်းရရှိခဲ့ကြောင်း ငရုတ်ပွဲရုံများထံမှ သိရသည်။

ယခုနှစ်တွင် မအူပင်ခရိုင်အတွင်း ငရုတ်စိုက်ပျိုးမှု ၄၀,၅၅၇ ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်းအားဖြင့် ၃၉၄ ဒသမ ၅၅ ပိဿာနှုန်းဖြင့် ထွက်ရှိပြီး ငရုတ်ပိဿာ စုစုပေါင်း ၁၆,၀၀၀,၅၅၉ ပိဿာခန့် ထွက်ရှိခဲ့သည်။ ယခုနှစ် ငရုတ်လှိုင်လှိုင်ပေါ်သောကာလတွင် မအူပင်ခရိုင်အနေဖြင့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် တပြိုက်နက်ငရုတ်ပေါ်ချိန်ရောက်ရှိနေသောကြောင့် ငရုတ်သီးနှံများလှိုင်လှိုင်ပေါ်ပြီး ပြည်ပဈေးကွက် ဝယ်လိုအားရရှိမှု နည်းပါးလာခြင်းကြောင့် ယခုနှစ်တွင် ငရုတ်သီးနှံများပေါ်များပြီး ဈေးကောင်းရရှိမှု နည်းပါးကြောင်း ကွင်းဆင်းလေ့လာမှုအရ သိရှိခဲ့ရသည်။

ငရုတ်ပွဲရုံများတွင် ယခင်နှစ်က ငရုတ်မှည့်စိုများကို အအေးခန်းကားများဖြင့် စနစ်တကျ ပြည်ပဈေးကွက်အရောက် ပေးပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်မှည့်စိုများကို ပြည်ပဈေးကွက်သို့ရောင်းချရန် ဈေးကွက်ရရှိမှုနည်းပါးလာခဲ့သည်။ ငရုတ်မှည့်စိုများ ပြည်ပဈေးကွက်ရရှိမှု အားနည်းလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ငရုတ်မှည့်ခြောက်များ ပြည်တွင်းဈေးကွက်အတွင်း၌ ပိုလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ငရုတ်စားသုံးမှုသည် ပြည်တွင်း ဈေးကွက်အတွက် ပိုလျှံသဖြင့် ပြည်တွင်းဈေးကွက်အတွင်းရောင်းလိုအားများပြားလာခဲ့ပြီး ဝယ်လိုအားမှာ ပုံမှန်ဖြစ်သောကြောင့် ပြည်တွင်းစားသုံးမှုထက်ပိုလျှံသော ငရုတ်ဈေးကွက်လျော့ပါးလာခဲ့သည်။

မအူပင်ခရိုင်သည် ငရုတ်စိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်တိုးတက်ထုတ်လုပ်လျက်ရှိသဖြင့် ယခုနှစ်တွင် ပိုမိုထွက်ရှိသော ငရုတ်ဈေးကွက်ရရှိမှု ပြည်ပဝယ်လိုအားရရှိမှု လျော့ပါးခဲ့သဖြင့် ဈေးကွက်အေးနေသော အခြေအနေတွင်ရှိနေကြောင်း ငရုတ်ပွဲရုံများ၏ ပြောပြချက်အရ သိရသည်။

ငရုတ်စိုက်ပျိုးသော တောင်သူများအနေဖြင့်လည်း ပြည်ပဈေးကွက်ဝယ်လိုအားရရှိမှု နည်းပါးသောကြောင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရသောကြောင့် ဈေးနှုန်းအနည်းငယ်အေးနေသည့်အတွက် တောင်သူအကျိုးအမြတ်မှာ ယခင်နှစ်ကဲ့သို့ ထိုက်ထိုက်တန်တန်အကျိုးရှိရှိမရခဲ့သော်လည်း သင့်တင့်မျှတသောအကျိုးအမြတ်ရရှိနိုင်ကြောင်း ဝါရင့်ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦး၏ ခန့်မှန်းသုံးသပ်ချက်အရ သိရသည်။

ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦးက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ပြည်ပဈေးကွက်ရရှိရေး၊ ဆောင်ရွက်နိုင်ပါက ငရုတ်ဈေးကွက်သည် ပြန်လည်ဦးမော့လာပြီး ဈေးကွက်ခိုင်မာမှု ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားချက်အရ သိရှိခဲ့ရပြီး ပြည်ပဈေးကွက်အလားအလာကောင်းရှိသော ငရုတ်သီးနှံဈေးကွက်ရရှိရေး ပိုမိုဆောင်ရွက်ပေးနိုင်ရန်တို့ကို အလေးပေး ဆောင်ရွက်နိုင်ပါက ဈေးကောင်းရဈေးကွက်ဝင် ပြည်ပပို့ကုန်ဖြစ်လာမည်မှာ ဧကန်ဖြစ်သည်။ Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_24042024_345](https://myantrade.gov.mm/article/naypyitaw_24042024_345)

# နိုင်ငံတကာဈေးကွက်

## ဖိလစ်ပိုင်၏ ဆန်ဝယ်လိုအား မြင့်တက်လာသဖြင့် ထိုင်းနိုင်ငံ အစိုးရက ဆန်တင်ပို့မှု တိုးမြှင့်သွားရန်ရှိ

ယခုနှစ်အစပိုင်းတွင် ခန့်မှန်းထားခဲ့သည့်အတိုင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဝယ်လိုအား မြင့်တက်လာသဖြင့် ထိုင်းအစိုးရအနေဖြင့် ဆန်ပိုမိုတင်ပို့လိုကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Phuntham Wechayachai ကပြောကြားလိုက်သည်။

ဖိလစ်ပိုင်သည် ထိုင်းဆန်၏ အဓိကဈေးကွက်ဖြစ်သဖြင့် ဖိလစ်ပိုင်နိုင်ငံတွင်စေလွှတ်ထားသော စီးပွားရေးသံမှူးနှင့်ပူးပေါင်း၍ အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးနှုန်းယှဉ်ပြိုင်နိုင်သော ထိုင်းဆန်ပိုမိုရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် ပြည်ပကုန်သွယ်ရေးဦးစီးဌာနကို ဝန်ကြီးကလမ်းညွှန်ထားသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် ထိုင်းလုပ်ငန်းရှင်များအတွက် ဈေးကွက်အသစ်ရှာဖွေပေးလိုသည့် ဝန်ကြီး၏ တွန်းအားတစ်ခုဖြစ်ပါကြောင်း၊ Foreign Agricultural Service of the US Department of Agriculture (USDA) က ထုတ်ပြန်ထားချက်အရ ဖိလစ်ပိုင်သည် ယခင်နှစ်က ဆန် တန်ချိန် ၃ ဒသမ ၆ သန်း တင်သွင်းခဲ့သော်လည်း ယခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၁ သန်း တင်သွင်းနိုင်ကြောင်း၊ ဖိလစ်ပိုင်သည် ယခုနှစ်အတွင်း ဆန် တန်ချိန် ၁၂ ဒသမ ၃ သန်း ဆန်ထုတ်လုပ်နိုင်သည်ဟု အေဂျင်စီကခန့်မှန်းထားကြောင်း၊ အိန္ဒိယမှ ဆန်ပိုမိုထွက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားချက်အရ ကမ္ဘာ့ဆန်အထွက်နှုန်း

သည် တန်ချိန် ၅၁၅ ဒသမ ၄ သန်းသို့ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ဖိလစ်ပိုင်ဆန်တင်သွင်းမှု၏ ၈၂ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံမှဖြစ်ပြီး ကျန်ပမာဏကို ထိုင်း၊ မြန်မာ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်ထုတ်လုပ်မှု ကျဆင်းမှုကြောင့် ပြည်ပနိုင်ငံများမှ ဆန်ပိုမိုတင်သွင်းနိုင်သည့် အခြေအနေကို ထိုင်းနိုင်ငံအနေဖြင့် အကျိုးရှိစွာအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: [www.bangkok.com,](http://www.bangkok.com) သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: [https://myantrade.gov.mm/article/Naypyitawstp_230420240300](https://myantrade.gov.mm/article/Naypyitawstp_230420240300)

## ဖိလစ်ပိုင်ဈေးကွက်သို့ ဗီယက်နမ်ဆန်တင်ပို့ရာတွင် ယှဉ်ပြိုင်မှုများ မြင့်မားလာ

ဖိလစ်ပိုင်အစိုးရသည် ဗီယက်နမ်ဆန်အပေါ် များစွာမှီခိုနေမှုကိုလျှော့ချပြီး အခြားဆန်ရောင်းချနေသည့် နိုင်ငံများမှ ဝယ်ယူသွားရန်ကြိုးပမ်းလျက်ရှိသည်ဟု ဗီယက်နမ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသို့ ဖိလစ်ပိုင်နိုင်ငံအခြေစိုက် ဗီယက်နမ်ကုန်သွယ်မှုရုံးက သတိပေးပြောကြားခဲ့သည်။

မကြာသေးမီက ပြည်ပနိုင်ငံများရှိ ဗီယက်နမ်ကုန်သွယ်မှုရုံးများနှင့်ပူးတွဲကျင်းပခဲ့သော ကုန်သွယ်မှုမြှင့်တင်ရေးညီလာခံတစ်ခုတွင် ဖိလစ်ပိုင်နိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးသံမှူး Phung Van Thanh က ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်း၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ စားသုံးသူများ၏ဝယ်လိုအားကိုပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိကြောင်း၊ ဗီယက်နမ် ဆန်လုပ်ငန်းရှင်များအနေဖြင့် ဖိလစ်ပိုင်ဆန်တင်သွင်းသူများနှင့် ကာလကြာရှည်စွာ စီးပွားရေးဆက်ဆံမှုမှတစ်ဆင့် ဂုဏ်သိက္ခာနှင့် ယုံကြည်မှုတို့ကို တည်ဆောက်နိုင်သဖြင့် ဖိလစ်ပိုင်ဈေးကွက်၌ ဗီယက်နမ်ဆန်သည် အားသာချက်ရရှိထားကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်ဆန်သည် ဖိလစ်ပိုင်စားသုံးသူများအတွက် အောက်ခြေ၊ အလယ်အလတ်အဆင့်အတန်း လူတန်းစားမှသည် ချမ်းသာသည့်လူတန်းစားအထိ အရသာ၊ စားသုံးမှု အလေ့အထစသည့် ကွဲပြားသောလိုအပ်ချက်အမျိုးမျိုးနှင့် သင့်လျော်ကြောင်း၊ ဈေးနှုန်းမှာလည်း သက်သာမှုရှိသဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ ဆန်ရောင်းလိုအားသည် အရေအတွက်နှင့် ဈေးနှုန်း နှစ်ရပ်လုံး၌ တည်ငြိမ်မှုရှိခဲ့ကြောင်း Mr. Thanh က ပြောဆိုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ဆန် တင်သွင်းမှုလိုအပ်ချက်အတွက် ဗီယက်နမ်ဆန်က ပြည့်မီစေရန်ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံအကြား ပထဝီအကွာအဝေးသည်လည်း စရိတ်လျော့နည်းသက်သာစေပြီး သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့စေခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အခြားအာဆီယံမဟုတ်သော နိုင်ငံများဖြစ်ကြသည့် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ဖိလစ်ပိုင်နိုင်ငံသို့ဆန်တင်ပို့ရာတွင် ဗီယက်နမ်နိုင်ငံသည် နှစ်နိုင်ငံနှင့် နိုင်ငံစုံ ကုန်သွယ်မှုသဘောတူညီချက်များ ရေးထိုးထားသည့် အားသာချက်ကို ရရှိထားသည်။

Mr. Thanh က ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်ဆန်တင်သွင်းမှုမြင့်မားလျက်ရှိပြီး ၂၀၂၄ ခုနှစ် အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅ သန်းမှ ၃ ဒသမ ၈ သန်းအထိတင်သွင်းနိုင်မည်ဟု မျှော်လင့်ရကြောင်း၊ လတ်တလောနှစ်ကာလများ၌ ဖိလစ်ပိုင်သည် ဗီယက်နမ်နိုင်ငံ၏ အရေးပါသော ဆန်ပို့ကုန်ဈေးကွက်ဖြစ်လာခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့သူများအနေဖြင့် ဈေးကွက်အသစ်များတွင် အခွင့်အလမ်းသစ်များရရှိရန် ကြိုးပမ်းသကဲ့သို့ ဖိလစ်ပိုင်ဈေးကွက်တွင်လည်း ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းဆန်တင်ပို့သည့်နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း အကြံပြုပြောကြားခဲ့သည်။ ထို့ပြင် ဗီယက်နမ် ဆန်ပို့ကုန်လုပ်ငန်းရှင်များသည် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဗီယက်နမ်သံရုံးနှင့် ကုန်သွယ်မှုရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဗီယက်နမ်ဆန်ထုတ်ကုန်များအတွက် ကုန်သွယ်မှုတိုးတက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်ဈေးကွက်သို့ ဗီယက်နမ်ဆန်တင်ပို့မှုမှ ပို့ကုန်တန်ဖိုးများ တိုးတက်ရရှိစေရန်၊ ဗီယက်နမ်ဆန်၏ အရည်အသွေးကို တည်ငြိမ်စေရန်နှင့် အစဉ်အမြဲ တိုးတက်စေရန် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ သွင်းကုန်-ပို့ကုန်ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက ဗီယက်နမ်နိုင်ငံ၏ ဆန်လုပ်ငန်းမှာ ၂၀၂၄ ခုနှစ်အတွင်း အခွင့်အလမ်းများ ကြီးမားစွာပေါ်ထွက်လာခဲ့သော်လည်း စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရကြောင်းနှင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယခုနှစ်အတွင်း လှုပ်ခတ်မှုများဖြစ်ပေါ်နေသဖြင့် ဗီယက်နမ်ဆန်လုပ်ငန်းရှင်များသည် ဆန်ဈေးကွက်ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ဆန်လုပ်ငန်းကိုထိရောက်၍ ရေရှည်ထိန်းသိမ်းနိုင်သော လုပ်ငန်းဖြစ်စေရေးအတွက် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ဗီယက်နမ်ဆန်ပို့ကုန်ကိုဈေးကွက်အမျိုးမျိုးသို့ တင်ပို့နိုင်ရန်နှင့် အလားအလာကောင်းမွန်သောဈေးကွက်များတွင် အခွင့်အရေးများကို အသာစီးရယူ၍ ဗီယက်နမ်ဆန် ယှဉ်ပြိုင်မှုကို တိုးတက်

စေရန်တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး တက်ကြွစွာစေ့စပ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

Source: Vietnam News, April 02, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_08042024_200

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ၄၂ ရာခိုင်နှုန်းတိုးမြင့်

ဗီယက်နမ်၏ ဆန်တင်ပို့မှု ပမာဏသည် ယခုနှစ် ပထမသုံးလပတ်တွင် တန်ချိန် ၂ ဒသမ ၁ သန်းရှိပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိကာ ယခင်နှစ် အလားတူကာလထက် ၄၂ ရာခိုင်နှုန်း တိုးမြင့် လာခဲ့ကြောင်း The Saigon Times အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂါနာ၊ မလေးရှားနှင့် စင်ကာပူတို့ကဲ့သို့ အဓိက ဆန်ဝယ်ယူသူများထံမှ ဆန်ဝယ်လိုအား မြင့်တက်လာ ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု သိသိသာသာ တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်မှ ဆန်အများအပြားဝယ်ယူသော နိုင်ငံများသည် ၎င်းတို့ဆန်တင်သွင်းမှုအတွက် ရွေးချယ်စရာပိုမိုရရှိလိုသောကြောင့် ဗီယက်နမ်ဆန်အပေါ် မှီခိုအားထားမှုကိုလျှော့ချလိုကြောင်းတွေ့ရသည်။ ဝန်ကြီးဌာနမှ ဆန်တင်ပို့ရောင်းချသူများအား ဆန်တင်ပို့ရန် ဈေးကွက်သစ်များရှာဖွေရန်နှင့် ဆန်အရည်အသွေးမြှင့်တင်ရန် တိုက်တွန်းထားသည်။

လက်ရှိတွင် ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်မှုသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၇၆ ရှိပြီး ယခုနှစ်အစပိုင်းမှ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ ထိပ်တန်းဆန်တင်ပို့သူ သုံးဦးအနက် ဗီယက်နမ်သည် ယခုနှစ်တွင် ဆန်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅ ဘီလီယံ ရရှိရန် ရည်မှန်းထားကြောင်း ဖော်ပြထားသည်။

Source: The Saigon Times,

စီးပွားရေးသံမှူး၊ ဗီယက်နမ်

Source: https://myantrade.gov.mm/article/Naypyitawstp_110420240200

## ထိုင်းနိုင်ငံ ဆန်ပို့ကုန်လုပ်ငန်းရှင်များက ဒုတိယလပတ်တွင် ဆန်ဈေးပိုမိုမြင့်တက်လာနိုင်ကြောင်းခန့်မှန်း

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အိန္ဒိယ၏ဆန်တင်ပို့မှုကန့်သတ်ချက်များကြောင့် ယခုနှစ်ဒုတိယလပတ်အတွင်း ကမ္ဘာ့ဆန်ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ခဲ့မှု၏ အကျိုးဆက်ကြောင့် Parboiled ဆန်၏ ပြည်တွင်းဈေးမြင့်တက်လာခဲ့ပြီး ရာသီဥတုအခြေအနေများကြောင့် ပြတ်လပ်မည်ကို စိုးရိမ်ခဲ့ကြကြောင်း၊ အိန္ဒိယက ဆန်တင်ပို့မှုပိတ်ပင်ခဲ့ချိန်မှစ၍ ကမ္ဘာ့ဆန်ဈေးနှုန်းသည် ၁၅ ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း၊ ပထမလပတ်အတွင်း ဆန်တင်ပို့ခဲ့မှုသည် တန်ချိန် ၂ ဒသမ ၅ သန်းရှိကြောင်း၊ ဆန်ဖြူများကို အရှေ့တောင်အာရှရှိ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားတို့အပြင် အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့သို့ တင်ပို့ခဲ့ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophanswongse က ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်ဈေးမြင့်တက်နေသော်လည်း ပြည်တွင်းဆန်ထောက်ပံ့မှုလျော့နည်းနေခြင်းကိုကာမိစေရန် အမေရိကန်နှင့် အာရှရှိ ဆန်ဖြူနှင့်ရနံ့ပါဆန်တင်သွင်းသူများ၏ ဝယ်လိုအားခိုင်မာနေဆဲဖြစ်မည်ဟု မျှော်လင့်ထားကြောင်း၊ ထိုင်းနိုင်ငံ၏ ဆန်ထောက်ပံ့မှုသည်လုံလောက်ပြီး ဘတ်ငွေအားပျော့နေသဖြင့် ဈေးနှုန်းမှာလည်း ယှဉ်ပြိုင်နိုင်ဆဲဖြစ်ကြောင်း၊ မတ်လ ၂၇ ရက်နေ့ ပေါက်ဈေးအရ ထိုင်းဆန်ဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၁၊ ဗီယက်နမ်ဆန်သည် အမေရိကန်ဒေါ်လာ ၅၈၂ မှ ၅၈၆ ကြားနှင့် ပါကစ္စတန်ဆန်သည် အမေရိကန်ဒေါ်လာ ၆၀၅ မှ ၆၀၉ ဖြစ်ကြောင်း၊ ထိုင်း Parboiled ဆန်သည် တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၆၊ အိန္ဒိယဆန်သည် အမေရိကန်ဒေါ်လာ ၅၅၁ မှ ၅၅၅ နှင့် ပါကစ္စတန် ဆန်သည် အမေရိကန်ဒေါ်လာ ၆၁၈ မှ ၆၂၂ ကြားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒုတိယလပတ်တွင် ဆန်တင်ပို့မှုပမာဏသည် အနည်းငယ်ကျဆင်းနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မတ်လသည် ဗီယက်နမ်၏ ရိတ်သိမ်းရာသီစတင်သောကြောင့်ဖြစ်ကြောင်း၊ အိန္ဒိယ၏ ဆန်ဖြူ တင်ပို့မှုပိတ်ပင်ထားဆဲကြောင့် ထိုင်းဆန်ဈေးနှုန်းသည် ယခုနှစ် ပထမလပတ်အတွင်း အမြင့်တွင်ရှိနေဆဲဖြစ်ကြောင်း၊ ယခုနှစ် ဆန်တင်ပို့မှုသည် တန်ချိန် ၈ သန်းရောက်ရှိနိုင်ကြောင်း၊ ယခုနှစ်အတွင်း အင်ဒိုနီးရှားသည် ဆန်ဆက်လက် တင်သွင်းနေဆဲဖြစ်ပြီး တန်ချိန် ၃ ဒသမ ၆ သန်းထိ

ရောက်ရှိနိုင်ကြောင်း၊ မကြာသေးမီက ဆန် တန်ချိန် ၂၀၀,၀၀၀ ဝယ်ယူမည့် အင်ဒိုနီးရှား၏ တင်ဒါတွင် ထိုင်းနိုင်ငံက ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ဒါအောင်မြင်ခဲ့ပြီး ပါကစ္စတန်နှင့်ဗီယက်နမ်တို့လည်း အောင်မြင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှုပိတ်ပင်ထားဆဲအခြေအနေကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းတွင် သက်ရောက်မှုရှိခဲ့ပြီး ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်တို့အတွက် အခွင့်အလမ်းကောင်းဖြစ်ကြောင်းတွေ့ရှိရသည်။ ၎င်းအပြင် ထိုင်းဆန်ဈေးနှုန်း အမြင့်တွင် ရှိနေပြီး တင်ပို့မှုပမာဏလည်း မြင့်တက်နေဆဲ ဖြစ်ကြောင်း သုံးသပ်ရသည်။

Source: [www.bangkokpost.com,](http://www.bangkokpost.com) သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: [https://myantrade.gov.mm/article/Naypyitawstp_090420241000](https://myantrade.gov.mm/article/Naypyitawstp_090420241000)

## ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလအတွင်း စင်ကာပူဒေါ်လာ ၃၆ ဒသမ ၁၅ သန်း၊ အမေရိကန် ဒေါ်လာ ၂၆ ဒသမ ၅၅ သန်းတန်ဖိုးရှိ ဆန်တင်ပို့နိုင်ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံသို့ ဆန်အများဆုံးတင်ပို့လျက်ရှိသည့် အိန္ဒိယနှင့် ထိုင်းတို့ကို ကျော်လွန်ကာ ၈၀ ဒသမ ၄၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဈေးကွက်ဝေစု၏ ၃၂ ဒသမ ၀၃ ရာခိုင်နှုန်းကို ရရှိခဲ့ကြောင်း စင်ကာပူနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏နောက်တွင် ထိုင်းနိုင်ငံမှ ဆန်ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၃ ဒသမ ၆၃ သန်းဖြင့် ဒုတိယနေရာတွင်ရှိနေပြီး အိန္ဒိယမှ ဆန်ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၃ ဒသမ ၁၆ သန်း ဖြင့် တတိယနေရာတွင်ရှိနေသည်။ ပုံမှန်တင်ပို့နေသည့် ဆန်လုံးညိုနှင့် ဆန်ဖြူတင်ပို့မှုတန်ဖိုး ကျဆင်းခဲ့သော်လည်း ကောက်ညှင်းဆန်နှင့် အခြားဆန်အမျိုးအစားများ၏ တင်ပို့မှုသိသိသာသာ မြင့်တက်လာခဲ့သည်။ အဆိုပါဆန်များတွင် ကောက်ညှင်းဆန်တန်ဖိုးအားဖြင့် စင်ကာပူဒေါ်လာ ၃ ဒသမ ၇၉ သန်း၊ ကြိတ်ခွဲထားသောဆန် (သို့မဟုတ်) ရနံ့မွှေးသောဆန် စင်ကာပူဒေါ်လာ ၁၈ ဒသမ ဝ၆သန်း၊ ဆန်ကွဲ တန်ဖိုးအားဖြင့် စင်ကာပူဒေါ်လာ ၅၇၅,၀၀၀ အသီးသီးတင်ပို့ခဲ့ကြသည်။

စင်ကာပူတွင် အကြီးဆုံးဆန်ဈေးကွက်ဝေစုရရှိခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ အဓိကအောင်မြင်မှုသည် အစဉ်အလာကောင်းသည့် ဆန်ဖြူတင်မကဘဲ အခြားထုတ်ကုန်အုပ်စု ၂ ခု ဖြစ်သည့် ကောက်ညှင်းဆန်နှင့် ဆန်မွှေးများ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ ၎င်းအချက်မှာ ဗီယက်နမ်သည် ထိုင်းနှင့် အိန္ဒိယတို့ကို ကျော်တက်ကာ စင်ကာပူတွင် ဆန်ဈေးကွက်ဝေစု အကြီးမားဆုံးနိုင်ငံဖြစ်လာစေရန် ကူညီပေးခဲ့ကြောင်း အဆိုပါရုံးမှ အခိုင်အမာပြောကြားခဲ့သည်။

ကုန်သွယ်ရေးရုံး၏အဆိုအရ ထိုင်း၊ အိန္ဒိယနှင့် ဂျပန်တို့သည် စင်ကာပူရှိ ဗီယက်နမ်၏ အဓိက ပြိုင်ဘက်များဖြစ်ပြီး အိန္ဒိယ၏ ဆန်တင်ပို့မှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ပိတ်ပင်လိုက်ခြင်းကြောင့် ဗီယက်နမ်အတွက် စင်ကာပူတွင် ဈေးကွက်ဝေစုတိုးလာစေရန် အခြေအနေကောင်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဗီယက်နမ် ဆန်တင်ပို့သူများသည် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဆန်အရည်အသွေးကိုမြှင့်တင်ရန် ကုန်သွယ်ရေးရုံးက အကြံပြုထားပြီး အလားအလာရှိသော ဈေးကွက်တွင် ဗီယက်နမ်ဆန်ပါဝင်မှု တိုးမြင့်လာစေရန်အတွက် အဆိုပါရုံးအနေဖြင့် ပြပွဲများကို ပိုမိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ယခုနှစ် ပထမသုံးလတွင် စင်ကာပူဒေါ်လာ ၁၁၂ ဒသမ ၉ သန်းနီးပါး ဆန်တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၈၆ ရာခိုင်နှုန်းတိုးလာကြောင်း စာရင်းအင်းနှင့် ကော်ပိုရိတ်အာဏာပိုင်အဖွဲ့ (ACRA) ၏ စာရင်းများအား ကိုးကားဖော်ပြခဲ့သည်။

ဗီယက်နမ်သည် ထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံအဖြစ် စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက် ဝန်ကြီးဌာနများ၊ ကဏ္ဍများ၊ ဒေသများ၊ အသင်းအဖွဲ့များနှင့်စီးပွားရေးလုပ်ငန်းများအားလုံး ဗီယက်နမ်ဆန်ထွက်ကုန်နှင့် အမှတ်တံဆိပ်များ မြှင့်တင်ရေးတွင် လက်တွဲဆောင်ရွက်သင့်ကြောင်းလည်း ဖော်ပြထားသည်။

ထို့ပြင် ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့ကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခြင်းသည် ဗီယက်နမ်နိုင်ငံ၏ နံပါတ် တစ် ဆန်တင်သွင်းသူအနေအထားကို ဆက်လက်ထိန်းသိမ်းရန် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

စင်ကာပူသို့ ဗီယက်နမ်ဆန်တင်ပို့မှုအောင်မြင်မှုသည် ဆန်ထွက်ကုန်များ အထူးသဖြင့် အထူးဆန်မျိုးကွဲများ ကြီးထွားမှုအားကောင်းခြင်းကြောင့်ဟုယူဆနိုင်သည်။ စင်ကာပူကဲ့သို့သော အဓိကဈေးကွက်များနှင့် မိတ်ဖက်များတိုးပွားလာခြင်းသည်လည်း ဗီယက်နမ်ဆန်၏ ဦးဆောင်မှုနေရာကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည့်အချက်များဖြစ်ကြောင်း သုံးသပ်ရသည်။

ထို့ပြင် ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသည် ကုန်သွယ်မှုဆက်ဆံရေးမြှင့်တင်ရန်နှင့် ဗီယက်နမ်၏ ဒေသတွင်း ထိပ်တန်းဆန် တင်သွင်းသူအဖြစ် ရပ်တည်ချက်ရရှိရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အချုပ်အားဖြင့် ဆန်တန်ဖိုးကွင်းဆက်သစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်သော

စိုက်ပျိုးရေးအလေ့အကျင့်များသည် ဗီယက်နမ်၏ ဆန်တင်ပို့မှုကဏ္ဍတွင် ရေရှည်စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်ရေးကို အထောက်အကူဖြစ်စေကြောင်း သိရသည်။ Source: Viet Nam Plus,(စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_240420241030

## အယ်လ်နီညို၏ သက်ရောက်မှုရှိသော်လည်း စပါးအထွက်တိုးရန် ဖိလစ်ပိုင်အစိုးရမျှော်မှန်း

ဖိလစ်ပိုင်နိုင်ငံ၌ ဒေသခံလယ်မြေများတွင် အယ်လ်နီညို သက်ရောက်မှုများရှိနေသော်လည်း ယခင်နှစ် စပါးထွက်ရှိမှု တန်ချိန် ၂၀ ဒသမ ၀၅၉ သန်းနှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်း ပိုမိုလျက် ၂၀၂၄ ခုနှစ်အတွင်း စပါးတန်ချိန် ၂၀ ဒသမ ၈၈၁ သန်း ခန့်အထိ ထွက်ရှိနိုင်မည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ခန့်မှန်းချက်ထုတ်ပြန်ခဲ့သည်။ ယခုနှစ်အတွက် တိုးတက်ထုတ်လုပ်နိုင်မည့် စပါးပမာဏမှာ တန်ချိန် ၈၈၀,၀၀၀ ခန့်ရှိရာ ဆန်တန်ချိန်အားဖြင့် ၅၄၀,၀၀၀ ခန့် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်အစိုးရသည် တစ်နှစ်ပတ်လုံး ဆန်တန်ချိန် ၁၃ ဒသမ ၆၅၆ သန်းနှင့် ညီမျှသောစပါးများ စိုက်ပျိုးထွက်ရှိနိုင်ရန် ရည်မှန်းချက်ချမှတ်ထားကြောင်းသိရသည်။

ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးမြင့် စပါးမျိုးစေ့များကို တိုးချဲ့အသုံးပြုခြင်း၊ ဓာတ်မြေဩဇာများ ပိုမိုကောင်းမွန်စွာအသုံးချခြင်းနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုနည်းစေရန်ဆောင်ရွက်ခြင်းတို့ကို ပြည်တွင်းဆန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နှစ်ဟောင်းလက်ကျန် ဆန်တန်ချိန် ၂ ဒသမ ၀၂၇ သန်းအပါအဝင် ယခုနှစ်တွင် ဆန်တန်ချိန် ၁၆ ဒသမ ၇၄၅ သန်းအား ဈေးကွက်သို့ ပေးသွင်းနိုင်မည်ဟု ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနက မျှော်မှန်းလျက်ရှိသည်။ အဆိုပါ ခန့်မှန်းချက်တွင် အမှန်တကယ်တင်သွင်းမည့် ပမာဏအဖြစ် ဆန်တန်ချိန် ၁ ဒသမ ၀၆၁ သန်းခန့်ကိုသာ ပါဝင်တွက်ချက်ထားသည်။ ပြည်သူလူထု၏ ဆန်စားသုံးမှု ဆန်တန်ချိန် ၁၃ ဒသမ ၉၇၃ သန်း အပါအဝင် ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း ဆန်လိုအပ်ချက်မှာ တန်ချိန် ၁၅ ဒသမ ၆၄၃ သန်းရှိသည်။

အဆိုပါအခြေအနေအရ ဖိလစ်ပိုင်နိုင်ငံသည် စိုက်ပျိုးရေးဦးစီးဌာန၏ တွက်ချက်မှုများအပေါ်အခြေခံ၍ နှစ်ကုန်တွင် ဆန်လက်ကျန် တန်ချိန် ၁ ဒသမ ၁၀၁ သန်းဖြင့် ကျန်ရှိရန် မျှော်လင့်ထားသည်။ စားနပ်ရိက္ခာ ဖူလုံမှုနှင့် စပါးဈေးတည်ငြိမ်မှုရှိစေရန်အတွက် ဖိလစ်ပိုင်နိုင်ငံသည် ရက် ၅၀ စာ အရန်ဆန် သို့မဟုတ် ဆန် တန်ချိန် ၁ ဒသမ ၈၅ တန်ချိန် သိုလှောင်ထားရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက အစောပိုင်းကာလ၌ ပြောဆိုထားသည်။

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ရှိသော်လည်း နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုမှာ ကောင်းမွန်ဖွယ်ရှိသည်ဟု စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel Jr. က မကြာသေးမီက ပြောကြားခဲ့သည်။ ယခုနှစ် ပြည်တွင်းဆန်ထုတ်လုပ်မှုမှာ တိုးတက်လာနိုင်သဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွင်း ဆန်တင်သွင်းမှုမှာ တန်ချိန် ၄ ဒသမ ၁ သန်းခန့်ရှိမည်ဟု အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ ခန့်မှန်းချက်သို့ရောက်ရှိမည်မဟုတ်ကြောင်း၊ အဆိုပါ ခန့်မှန်းချက်သည် အဆိုးရွားဆုံး အခြေအနေအတွက်ကိုသာ မှန်းဆထားခြင်းဖြစ်ကြောင်း၊ ဒုတိယသုံးလပတ်တွင် အယ်လ်နီညိုသည် ပြည်တွင်းဆန်စပါးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်သော်လည်း ခြောက်သွေ့ရာသီအပြီးတွင် စပါးရိတ်သိမ်းမှုမှာကောင်းမွန်လိမ့်မည်ဟု ခန့်မှန်းရကြောင်း ဝန်ကြီး Tiu Laurel က ပြောကြားခဲ့သည်။

Source: The Philippine Star, April 8, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23042024_345

## ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority–NFA) မှ စပါးများကို ဈေးနှုန်းမြှင့်၍ စတင်ဝယ်ယူ

ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့သည် ပြည်တွင်းဆန်အရန်ရိက္ခာအား တိုးမြှင့်ရန် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပြည်တွင်းရှိလယ်သမားများထံမှ စပါး (Unmilled rice) များကို ဈေးနှုန်းမြှင့်ပြီး စတင် ဝယ်ယူလျက်ရှိပြီ ဖြစ်ကြောင်း၊ ပြည်တွင်းရှိ ဆန်တောင်သူများ၏ ဝင်ငွေမြင့်မား လာစေရန်အတွက် စပါးဝယ် ဈေးနှုန်းအား ပိုမိုတိုးမြှင့်သတ်မှတ်ခြင်းကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့က ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်ကောင်စီမှ သဘောတူညီအတည်ပြုခဲ့သည်။

အသစ်တိုးမြှင့်သတ်မှတ်ပေးလိုက်သည့် စပါးဝယ်ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၁၇ ပီဆိုမှ ၂၃ပီဆိုနှင့် စပါးအစို (wet palay) ဝယ်ဈေးနှုန်းမှာ ပီဆို ၂၃ မှ ပီဆို ၃၀ သို့ တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ယခုတိုးမြှင့်သတ်မှတ်လိုက်သည့် ဈေးနှုန်းသည် နိုင်ငံတစ်ဝှမ်းလုံးအတွက် တစ်ပြေးညီသတ်မှတ်ခြင်းမဟုတ်ဘဲ စပါးစိုက်ပျိုးထွက်ရှိသည့် ဒေသအလိုက် ဈေးနှုန်း

အသီးသီး သတ်မှတ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရိတ်သိမ်းသည့် အခြေအနေအပေါ်မူတည်ပြီး Farm Gate Price မှာ ကွာခြားသွားမည်ဖြစ်သည်။

အသစ်သတ်မှတ်လိုက်သည့် ဈေးနှုန်းမူဝါဒသည် ဒေသတွင်းတောင်သူများ၏ ဝင်ငွေတိုးမြင့်စေရန် ရည်ရွယ်ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များမှ ပံ့ပိုးတင်ပြခဲ့သည့် အချက်အလက်များကို အခြေခံ၍ ဒေသ အလိုက် ဝယ်ဈေးနှုန်းများအား သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင်အဆိုပါဈေးနှုန်းသတ်မှတ်ချက်သည် ပုဂ္ဂလိက ကုန်သည်များထံသို့ စပါးရောင်းချနိုင်မည့် အခြားနည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

NFA က သတ်မှတ်လိုက်သည့် new pricing scheme သည် NFA ၏ အစိုးရ၏ စပါးဝယ်ယူရေး မဟာဗျူဟာ တစ်ခုဖြစ်ပြီး ထူးခြားသည့်အပြောင်းအလဲတစ်ခုဖြစ်ကြောင်း၊ ထို့သို့ စပါးဝယ်ဈေးနှုန်း မူဝါဒအသစ် ပြောင်းလဲရခြင်းမှာ ပုဂ္ဂလိက စပါး/ဆန်ကုန်သည်များကြား ယှဉ်ပြိုင်မှုပိုမိုအားကောင်းလာစေရန်နှင့် ပြည်တွင်းရှိ တောင်သူများ၏ ဝင်ငွေမြင့်မားလာစေရန် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ထောက်ပံ့ပေးမှု တစ်ခုဖြစ်ကြောင်း၊ The Rice Tariffication Law အရ NFA အနေဖြင့် အရေးပေါ်ဆန်ရိက္ခာအတွက်နှင့် နှစ်အလိုက် သတ်မှတ်ထားသည့် ပြည်တွင်းအရန်ဆန်ရိက္ခာအတွက်သာ ဝယ်ယူခွင့်ရှိကြောင်း ကန့်သတ်ထားခဲ့ သည်။ သို့ဖြစ်၍ NFA အနေဖြင့် ဆန်အရန် လက်ကျန်လိုအပ်ချက် မက်ထရစ်တန် ၃၀၀,၀၀၀ အထိ လုံလောက်မှု ရှိစေရန် ဝယ်ယူသွားမည်ဖြစ်ကြောင်း တင်ပြအပ်သည်။

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_240420241245

## အိန္ဒိယအစိုးရက ပဲမျိုးစုံအား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် အကန့်အသတ်မရှိဝယ်ယူပေးမည်ဟု ကမ်းလှမ်း၍ ပြည်နယ် ၃ ခုအား ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန် တွန်းအားပေး

အိန္ဒိယအစိုးရသည် Bihar ၊ Jharkhand နှင့် Uttar Pradesh ပြည်နယ်တို့ရှိ တောင်သူများအား ၎င်းတို့ စိုက်ပျိုးထွက်ရှိသည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းစသည့်ပဲမျိုးစုံကို အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း(Minimum Support Price–MSP) ဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်းကမ်းလှမ်းချက်ဖြင့် ယင်းပဲအမျိုးအစားများကို ဦးစားပေးစိုက်ပျိုးရန် ရာသီချိန်စိုက်ပျိုးမှုများ မစတင်မီ စနစ်တကျတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရည်ရွယ်ချက်မှာ ပဲမျိုးစုံစိုက်ပျိုးမှုတိုးမြှင့်ရန်နှင့် ပဲမျိုးစုံသွင်းကုန် မှီခိုမှုလျှော့ချရန်ဖြစ်ကြောင်း၊ သို့ရာတွင် ထုတ်လုပ်မှုရည်မှန်းချက်ကို အစိုးရကသတ်မှတ်ထားခြင်းမရှိဟု အမည်မဖော်လိုသူအရာရှိကြီးတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားများသက်သာချောင်ချိရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၂-၂၃ ခုနှစ်တွင် Uttar Pradesh ပြည်နယ်မှ ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၈၅ သန်းခန့်ထုတ်လုပ်ခဲ့ပြီး Jharkhand ပြည်နယ်မှ တန်ချိန် ၇ ဒသမ ၆ သိန်း၊ Bihar ပြည်နယ်မှ တန်ချိန် ၄ ဒသမ ၅ သိန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံဈေးနှုန်းများကိုစီမံခန့်ခွဲသည့် စားသုံးသူရေးရာဝန်ကြီးဌာနသည် National Co-operative Consumers' Federation of India Ltd. (NCCF) အား ယခုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ထားကြောင်းသိရသည်။ NCCF သည် ပဲမျိုးစုံဝယ်ယူခြင်းအပြင် ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန်အတွက် အရည်အသွေးမြင့် ပဲမျိုးစေ့များကို တောင်သူများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယဗဟိုအစိုးရသည် ယင်းပြည်နယ်များတွင် နီးစပ်ရာတောင်သူများကို စည်းရုံးလှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်ဟု ကြားသိရသော်လည်း ယခုနှစ်ဖွန်လတွင် အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာပြီးနောက်မှသာ လယ်သမားများအား စည်းရုံးလှုံ့ဆော်မှုများကို အပြည့်အဝလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနသည် ယခုအစီအစဉ်အား ပိုမိုထိရောက်စေရန်အတွက် ပြည်နယ်အစိုးရ များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယအစိုးရက ပဲမျိုးစုံဈေးနှုန်းတည်ငြိမ်မှုရှိစေရန် စီမံချက်များစွာဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လပေါင်းများစွာ ပဲမျိုးစုံဈေးနှုန်းများမြင့်မားလာမှုမှာ စိုးရိမ်စရာဖြစ်လာကြောင်း၊ ဖေဖော်ဝါရီလတွင် ပဲမျိုးစုံ ဈေးနှုန်းကြီးမြင့်မှုမှာ ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှ မတ်လတွင် ၁၇ ဒသမ ၇၁ ရာခိုင်နှုန်းသို့ သိသိသာသာ ကျဆင်း သွားသော်လည်း ပဲစင်းငုံမှာမူ ထွက်ရှိမှုနည်းပါးသောကြောင့် ၃၃ ဒသမ ၅၄ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း သိရသည်။

Source: Govt nudges 3 states to produce pulses, offers MSP with no bar, The Economic Times, 25 April 2024. ,

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_25042024_21:09

## ပြည်ပမှပဲစင်းငုံတင်သွင်းလျက်ရှိသော်လည်း အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းဆက်လက် မြင့်မားနေ

အိန္ဒိယနိုင်ငံတွင် စားသုံးမှုအများဆုံး ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံသည် တစ်ကီလိုဂရမ်လျှင် ၁၅၀ ရူပီးနှုန်းဖြင့် ပဲမျိုးစုံလက်လီဈေးကွက်၌ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိနေသော်လည်း ကောင်းမွန်စွာအရောင်းအဝယ်ဖြစ်လျက်ရှိပြီး လာမည့်မုတ်သုံရာသီအခြေအနေ ခန့်မှန်းချက်ကို ရှင်းလင်းစွာသိရှိနိုင်မည့် ဇွန်-ဇူလိုင်လများအထိ ဈေးအမြင့်တန်းတွင် ဆက်လက်တည်ရှိနေမည်ဟု ကုန်သည်များကပြောဆိုကြောင်း Indian Express သတင်းဌာနက ဖော်ပြသည်။

လွတ်လပ်စွာတင်သွင်းခွင့် အစီအစဉ် (Open General License- OGL) အောက်တွင် ပဲစင်းငုံအား လွတ်လပ်စွာတင်သွင်းခြင်းကို အိန္ဒိယအစိုးရက ခွင့်ပြုပေးထားသော်လည်း ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ယခင်နှစ် ကာလများ၌ ပဲတင်သွင်းမှုကို ခွဲတမ်းစနစ် (Quota)ဖြင့်ခွင့်ပြုခဲ့သော်လည်း သီးနှံအထွက်လျော့ကျနိုင်မည့်ခန့်မှန်းချက်များအရ ဈေးနှုန်းများတည်ငြိမ်စေရန် ရည်ရွယ်လျက် OGL လိုင်စင်ဖြင့် ပမာဏကန့်သတ်ချက်မရှိဘဲ တင်သွင်း ခွင့်ပြုထားခြင်းဖြစ်သည်။ သို့ရာတွင် ဤအစီအစဉ်မှာ ပဲစင်းငုံဈေးနှုန်းများကို ကျဆင်းစေခြင်းမရှိသည့်အပြင် လက်ကားဈေးကွက်၌ ပဲနီလေးဈေးနှုန်းပါ မြင့်တက်လျက်ရှိသည်။

လက်ရှိကာလတွင် အိန္ဒိယနိုင်ငံအတွင်း အကြီးဆုံးမားဆုံး ပဲစင်းငုံလက်ကားဈေးကွက်ဖြစ်သော မဟာရဋ္ဌပြည်နယ် Latur မြို့၌ ပဲစင်းငုံဈေးနှုန်းမှာ တစ်ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၀,၀၀၀ ကျော်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးနှုန်းများဆက်လက်မြင့်မားမှုကို ဖြစ်ပေါ်စေသည့် ကုန်လက်ကျန်နည်းပါးမှုအပေါ် ကုန်သည်များကဝေဖန်ပြောဆိုလျက်ရှိသည်။ တောင်သူအများစုသည် ပဲလက်ကျန်များကို ၎င်းတို့လက်ဝယ်၌ထိန်းသိမ်းထားပြီး ဈေးနှုန်းမြင့်တက်လာမည့်အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြောင်း ကုန်သည်တစ်ဦး က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်လယ်သမားလူမှုဖူလုံရေးဦးစီးဌာနက ပဲစင်းငုံ တန်ချိန် ၄၃ သိန်း စိုက်ပျိုးထုတ်လုပ် နိုင်ရန် ရည်မှန်းထားသော်လည်း တန်ချိန် ၃၄ ဒသမ ၂၁ သိန်းသာ ထွက်ရှိနိုင်ကြောင်း၊ သီးနှံများတွင် အစိုဓာတ် မြင့်မားမှုနှင့် မိုးကျရောက်မှုများကြောင့် တစ်ဧကအထွက်နှုန်းမှာ သိသာစွာကျဆင်းခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပဲစင်းငုံ စားသုံးမှုမှာ တန်ချိန် ၄၄ သိန်းမှ ၄၅ သိန်းအထိရှိသဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ပမှတင်သွင်းနေရပြီး အစိုးရအနေဖြင့် တောင်သူများအပေါ် ထိခိုက်နစ်နာမှုမရှိစေရေးကို ရှေ့ရှုလျက် ပြည်တွင်း ထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းမှုတို့ကို ဟန်ချက်ညီမျှမှုရှိစေရန် သတိပြုဆောင်ရွက်နေရသည်။ ရာမဇန်ဥပုသ်ကာလ ကျရောက်လျက်ရှိမှုနှင့်အတူ ဟိန္ဒူနှစ်သစ်ကူးပွဲတော် (Gudi Padva) ကာလသည်လည်း မကြာမီရောက်ရှိတော့မည် ဖြစ်ရာ ပဲမျိုးစုံဝယ်လိုအားမှာ မြင့်မားလျက်ရှိသည်။

ပဲစင်းငုံကို အာဖရိကနှင့် မြန်မာနိုင်ငံမှ တင်သွင်းမှုများစွာ ရှိသော်လည်း ဈေးနှုန်းများမြင့်မားနေဖွယ်ရှိကြောင်း၊ တင်သွင်းမှုလုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်း လမ်းခုလတ်ကုန်စည်များ အပြည့်အဝ ဝင်ရောက်ရန် အချိန်ကြာမြင့်မှုရှိကြောင်း၊ လာမည့်မုတ်သုံရာသီ၏ အခြေအနေကို ရှင်းလင်းသေချာစွာသိရှိနိုင်မည့်အချိန်တိုင်အောင် လက်ရှိအမြင့်ဈေးမှာ ဆက်လက်ဖြစ်ပေါ်မည်ဟုယူဆရကြောင်း၊ ခြုံငုံသုံးသပ်ရပါက ပဲစင်းငုံဈေးမှာ လအတန်ကြာ ဆက်လက်မြင့်မားလျက် ဇွန်လနောက်ပိုင်းမှသာ ဈေးနှုန်းတည်ငြိမ်လာမည်ဟု ဆိုနိုင်ကြောင်း ကုန်သည်များက ပြောဆိုခဲ့ကြသည်။

Source: Indian Express, 31 Mar 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_09042024_923

## အကောက်ခွန်လွတ် စားတော်ပဲတင်သွင်းခွင့်ကို အိန္ဒိယအစိုးရက ၂ လ သက်တမ်းတိုး

အိန္ဒိယနိုင်ငံတွင် ကုလားပဲ၏နေရာ၌ အစားထိုးသုံးစွဲနိုင်သည့် စားတော်ပဲများအား အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားခြင်းကို အစိုးရက ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထိ ၂ လ သက်တမ်းတိုးမြင့်ခဲ့သည်။ အိန္ဒိယနိုင်ငံ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ အမိန့်ကြော်ငြာစာတွင် ဇွန်လ ၃၀ ရက်နေ့ သို့မဟုတ် ၎င်းနေ့ရက်မတိုင်မီကာလ၌ ထုတ်ပေးသော သင်္ဘောတင်လက်မှတ် (Bill of Lading) ဖြင့် တင်သွင်းသော စားတော်ပဲ တင်သွင်းမှုအားလုံးသည် အွန်လိုင်းသွင်းကုန် စောင့်ကြည့်မှုစနစ်တွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အိန္ဒိယအစိုးရသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ အကောက်ခွန်လွတ် စားတော်ပဲ တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ ခွင့်ပြုခဲ့ပြီး ဆက်လက်၍ ဧပြီလ ၃၀ ရက်နေ့ထိ သက်တမ်းတိုးမြင့်ပေးထားခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဧပြီလနှင့် ဇွန်လများတွင် အပူချိန်ပိုမိုမြင့်မားလာနိုင်သည့် ခန့်မှန်းချက်အပေါ် အခြေပြုလျက် စားသောက်ကုန်ဈေးနှုန်းများနှင့် စပ်လျဉ်းသည့် သတိပေးချက်တစ်ရပ်ကို အိန္ဒိယနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်ခဲ့မှုအရ ယခုကဲ့သို့ သက်တမ်း

တိုးဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဇန်နဝါရီလ၌ ပဲမျိုးစုံဈေးနှုန်းဖောင်းပွမှုသည် ၁၆ ဒသမ ဝ၆ ရာခိုင်နှုန်းရှိရာမှ ဖေဖော်ဝါရီလတွင် ၁၈ ဒသမ ၄၈ ရာခိုင်နှုန်း ထိ မြင့်တက်လာမှုသည် စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုကို အဓိကသက်ရောက်စေခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ်ခန့်မှန်းချက်အရ ယခုနှစ် ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁၂ ဒသမ ၁ သန်းခန့်ထွက်ရှိနိုင်ပြီး ပြီးခဲ့သည့်နှစ် ထုတ်လုပ်မှုအောက် အနည်းငယ် လျော့နည်းမည်ဖြစ်သည်။ ပဲစင်းငုံ ထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၃ ဒသမ ၄၂ သန်းခန့် ထွက်ရှိမည်ဟု အောက်တိုဘာလ ပထမအကြိမ်ခန့်မှန်းချက်တွင် ဖော်ပြထားရာမှ ယခုအခါ တန်ချိန် ၃ ဒသမ ၃၃ သန်း သို့ လျော့ချခန့်မှန်းထားရာ ယခင်နှစ် စိုက်ပျိုးထွက်ရှိမှုပမာဏနှင့် တူညီမည့်အခြေအနေရှိသည်။

စိုက်ဧကလျော့နည်းမှုနှင့် ရာသီဥတု၏ သက်ရောက်မှုများကြောင့် အထွက်ပမာဏများကျဆင်းပြီး ပြည်တွင်းတွင် ကုလားပဲ လိုအပ်ချက်ဖြစ်ပေါ်နိုင်မှုအပေါ် စားတော်ပဲတင်သွင်းမှုများက ဖြည့်ဆည်းကူညီနိုင်ရန် မျှော်လင့်ထားကြောင်း အစိုးရ အရာရှိများက ပြောကြားခဲ့သည်။

လက်ရှိကာလတွင် ကုလားပဲ၏ ကုန်အဝယ်ဒိုင်ဈေးနှုန်းများမှာ တစ်ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၆,၀၀၀ နှုန်း ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိပြီး အခြေခံရည်ညွှန်းဈေးနှုန်း ဖြစ်သည့် တစ်ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ၅,၄၄၀ ရူပီးနှုန်း ကို ကျော်လွန်လျက်ရှိသည်။

Source: Telegraph India, 8 April 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23042024_342

## Maldives သို့ သကြား၊ ဆန်နှင့် ကြက်သွန်နီများတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အရ Maldives သို့ ဥများ၊ အာလူး၊ ကြက်သွန်နီ၊ ဆန်၊ ဂျုံမှုန့်၊ သကြား၊ ပဲမျိုးစုံ၊ ကျောက်ခဲမျိုးစုံ(stone aggregate)နှင့် မြစ်မှရယူသောသဲ (river sand)တို့ကို တင်ပို့ရောင်းချခွင့်ပြုခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အဆိုပါထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်အား လတ်တလောတွင် တားမြစ်ကန့်သတ်ထားခြင်းဖြစ်သည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အဆိုပါထုတ်ကုန်များကို သတ်မှတ်သောအရေအတွက် ကန့်သတ်ချက်အရသာ တင်ပို့ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်ပြီး၊ လက်ရှိတည်ဆဲနှင့်အနာဂတ်တွင်ပြုလုပ်မည့်ပို့ကုန်ဆိုင်ရာတားမြစ်ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ဥမျိုးစုံအရေအတွက် ၄၂၇ ဒသမ ၅၄ သန်း၊ အာလူး ၂၁၅၁၃ ဒသမ ၀၈ တန်၊ ကြက်သွန်နီ ၃၅၇၄၉ ဒသမ ၁၃ တန်၊ ဆန် ၁၂၄၂၁၈ ဒသမ ၃၆ တန်၊ ဂျုံမှုန့် ၁၀၉၁၆၂ ဒသမ ၈၆ တန်၊ သကြား ၆၄၄၉၄ ဒသမ ၃၃ တန်နှင့် ပဲမျိုးစုံကို ၂၂၄ ဒသမ ၄၈ တန်အထိ အများဆုံးတင်ပို့ခွင့်ပြုထားကြောင်းသိရသည်။ ကျောက်ခဲမျိုးစုံနှင့် သဲကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် အများဆုံးတန်ချိန် ၁၀ သိန်းသာတင်ပို့ခွင့်ပြုရန် အစိုးရမှ ဆုံးဖြတ်ထားကြောင်းသိရသည်။

သို့သော် သဲနှင့် ကျောက်ခဲမျိုးစုံတင်ပို့မှုနှင့်စပ်လျဉ်း၍ ထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် အဆိုပါ ထုတ်ကုန်များထုတ်လုပ်သည့်နေရာသည် ကန့်သတ်ဇရိယာများအတွင်းမဖြစ်ရန်လိုအပ်ပြီး၊ သက်ဆိုင်ရာဌာနများ၏ ကင်းရှင်း ကြောင်းထောက်ခံချက်များ ရယူဆောင်ရွက်သွားရမည်ဟုဆိုသည်။ ပြည်နယ်အစိုးရများ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း အသိအမှတ်ပြု လက်မှတ်များကိုလည်း ရယူရန်လိုအပ်ကြောင်း သိရသည်။

Maldives သည် ၎င်း၏ဒုတိယ Aviation platform တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အိန္ဒိယစစ်တပ်အရာရှိများကို ယခုနှစ် မေလ ၁၅ ရက်နေ့နောက်ဆုံးထား၍ အစားထိုးထွက်ခွာရန်ပန်ကြားထားပြီး၊ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လတ်တလောတွင် အိန္ဒိယစစ်တပ် အရာရှိအချို့နေရပ်ပြန်လာကြပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် လတ်တလောတွင် ပြည်ပတင်ပို့ခွင့်ရပ်ဆိုင်းထားသော ထုတ်ကုန်အချို့ကို Maldives သို့ ကန့်သတ်ချက်ဖြင့် တင်ပို့ရောင်းချခွင့်ပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ဆေးဝါးသယ်ယူပို့ဆောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယစစ်တပ်မှ လေကြောင်းဆိုင်ရာအရာရှိ ၈၀ ဦးကိုစေလွှတ်ထားသည့်အပေါ် Maldives သမ္မတသစ်မှ သဘောမတူသည့်အတွက် အရပ်သားအရာရှိများနှင့် အစားထိုးပေးရန် နှစ်ဖက်အစိုးရက ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့်အပေါ် သိရှိနိုင်ရေးတင်ပြလိုက်ရသည်။

ရည်ညွှန်း။ The Hindu Businessline, India allows sugar, rice and onion exports to Maldives, April 05, 2024
(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-11042024-15:04

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့မှု တန်ချိန်ကျဆင်းသော်လည်း တန်ဖိုးတိုးတက်

ကမ္ဘာ့ကော်ဖီဈေးကွက်၌ ရိုဘတ်စတာကော်ဖီစေ့ ဈေးနှုန်းများမြင့်တက်လျက်ရှိမှုနှင့်အတူ ၂၀၂၄ ခုနှစ် မတ်လတွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီပို့ကုန်တင်ပို့မှုတန်ဖိုးမှာ စံချိန်အသစ်တင်ပြီး မြင့်တက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ကော်ဖီပို့ကုန်တင်ပို့မှုမှာ ၃၈၈,၀၄၈ တန်ရှိပြီး ယခင်ဘဏ္ဍာနှစ်၌ တင်ပို့နိုင်မှုတန်ချိန် ၃၉၈,၉၇၄ တန်အပေါ် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် လျော့ကျခဲ့သော်လည်း တန်ဖိုးအားဖြင့် ၃ နှစ်ဆက်တိုက် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း၊ ဒေါ်လာငွေ တန်ဖိုးဖြင့် ၂၀၂၂-၂၃ ခုနှစ်တွင် ရရှိခဲ့သော ၁ ဒသမ ၁၂ ဘီလီယံအပေါ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လျက် ဒေါ်လာ ၁ ဒသမ ၂၆ ဘီလီယံရရှိခဲ့ကြောင်း၊ အလားတူ အိန္ဒိယရူပီးငွေတန်ဖိုးဖြင့် ယခင်ဘဏ္ဍာနှစ်၌ တင်ပို့နိုင်မှု ရူပီး ၉,၀၃၃ ကုဋေအပေါ် ၁၆ ရာခိုင်နှုန်း တိုးတက်လျက် ၂၀၂၃-၂၄ ခုနှစ်တွင် ရူပီး ၁၀,၄၈၁ ကုဋေအထိ ဝင်ငွေရရှိခဲ့ခြင်းဖြစ်ကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံ တို့ကဲ့သို့သော ထိပ်တန်းကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများ၌ ထုတ်လုပ်မှုလျော့နည်းလျက် ရောင်းလိုအားကျဆင်းနေမှုအရ ကမ္ဘာ့ရိုဘတ်စတာကော်ဖီ ဈေးနှုန်းများသည် ဆယ်စုနှစ် ၃ ခုအတွင်း အမြင့်မားဆုံးသို့ ရောက်ရှိနေခဲ့သည်။ ဤအခြေအနေ၌ ရိုဘတ်စတာကော်ဖီမျိုးကို ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်သော အိန္ဒိယနိုင်ငံအနေဖြင့် အခွင့်အလမ်းကို ရယူလုပ်ဆောင်နိုင်ခဲ့သည်။ အကျိုးဆက်အားဖြင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် ကော်ဖီစေ့ တစ်တန်လျှင် ယခင်ဘဏ္ဍာနှစ်၌ ရူပီး ၂ ဒသမ ၂၆ သိန်းခန့် ဈေးနှုန်းရရှိခဲ့ရာမှ ၂၀၂၃-၂၄ ခုနှစ် တွင် ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လျက် ရူပီးငွေ ၂ ဒသမ ၇ သိန်းကျော်နှုန်းထားကို ရရှိခဲ့ကြသည်။

အိန္ဒိယ ကော်ဖီလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ အတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ K G Jagadeesha က အိန္ဒိယကော်ဖီအတွက် ဈေးကွက်ဈေးနှုန်း ကောင်းမွန်မှုနှင့်အတူ ဘရာဇီးနှင့် ဗီယက်နမ်တို့၌ ရောင်းလိုအားအပိုင်း ပြတ်လပ်မှုက ပို့ကုန်တိုးတက်စေရေးကို အထောက်အပံ့ပြုခဲ့ကြောင်း၊ လွန်ခဲ့သော ၃ နှစ် အတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီပို့ကုန်အရေအတွက် တိုးတက်လာခဲ့ရာတွင် အသင့်သောက်သုံးနိုင်သော ကော်ဖီထုတ်ကုန်များတင်ပို့မှုမှာ အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံခန့်ရှိသော ကော်ဖီတန်ချိန် ၃ ဒသမ ၅ သိန်း ကျော်ကို ပြည်ပသို့တင်ပို့သည့်အပြင် ဈေးနှုန်းသက်သာမှုရှိသော ရိုဘတ်စတာကော်ဖီများကို ပြည်ပမှတင်သွင်းလျက် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ပြုပြင်ပြီး ပြန်လည်တင်ပို့ခြင်းကို လုပ်ဆောင်လျက်ရှိသည်။ အီတလီ၊ ဂျာမဏီ၊ ရုရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့ရာ အဓိကဈေးကွက်နိုင်ငံများ ဖြစ်ကြသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ကော်ဖီပို့ကုန်တန်ဖိုး တိုးတက်မှုမှာ ရိုဘတ်စတာကော်ဖီမှ အများဆုံးဖြစ်ပြီး ဘဏ္ဍာနှစ်၏ တတိယနှင့် စတုတ္ထ သုံးလပတ်ကာလများတွင် ဝယ်လိုအား အထူးကောင်းမွန်လျက် တင်ပို့မှုမှာလည်း ပိုမိုများပြားခဲ့ကြောင်းဖြင့် အိန္ဒိယကော်ဖီပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Ramesh Rajah က ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံတွင် တောင်သူများကရောင်းချသော ရိုဘတ်စတာကော်ဖီဈေးနှုန်းများသည် ကမ္ဘာ့ဈေးကွက်၌ ဈေးနှုန်းမြင့်တက်မှုကိုလိုက်ပါလျက် လွန်ခဲ့သော သီတင်းပတ်များအတွင်း အာရေးဗီးကားကော်ဖီ၏ ဈေးနှုန်းအထက်သို့ ကျော်လွန်ရောက်ရှိခဲ့သည်။ ပြုပြင်သန့်စင်ပြီးသော အခွံမာ (parchment) ပါရှိသည့် ရိုဘတ်စတာကော်ဖီစေ့၏ စိုက်ခင်းအတွင်း ဈေးနှုန်းများသည် ၅၀ ကီလိုဂရမ်ဝင် တစ်အိတ်လျှင် ရူပီးငွေ ၁၄,၀၀၀ မှ ၁၄,၅၀၀ အတွင်းရှိပြီး ပြုပြင်ခြင်းမပြုရသေးသော ခူးဆွတ်ပြီး ရိုဘတ်စတာ ချယ်ရီသီးများမှာ တစ်အိတ်လျှင် ရူပီးငွေ ၈,၅၀၀ မှ ၈,၉၅၀ အတွင်းနှုန်းထားဖြင့် ရောင်းချလျက်ရှိသည်။ အာရေးဗီးကား ချယ်ရီသီး၏ ဈေးနှုန်းသည် တစ် အိတ်လျှင် ရူပီး ၈,၀၀၀ မှ ၈,၃၀၀ အတွင်း၌လည်းကောင်း၊ ပြုပြင်သန့်စင်ပြီး အခွံမာပါရှိသည့် အာရေးဗီးကား ကော်ဖီ၏ ဈေးနှုန်းသည် တစ်အိတ်လျှင် ရူပီး ၁၃,၉၀၀ မှ ၁၄,၃၀၀ အတွင်းနှုန်းထားဖြင့်လည်းကောင်းရောင်းချ လျက်ရှိသည်။

လန်ဒန်ကြိုရောင်းစတော့ဈေးကွက်၌ အခွံမာ AB အဆင့်ရှိသည့် အိန္ဒိယ ရိုဘတ်စတာကော်ဖီ တစ်တန်လျှင် ပေးသွင်းရမည့် အာမခံကြေး (premium) သည် ဒေါ်လာ ၇၀၀ မှ ၇၅၀ အတွင်းရှိပြီး ရိုဘတ်စတာ ချယ်ရီသီး အတွက်မှာမူ တစ်တန်လျှင် ပေးသွင်းရမည့် အာမခံကြေးမှာ ဒေါ်လာ ၃၅၀ မှ ၄၀၀ အတွင်းရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ထွက်ရှိမှု နောက်ဆုံးခန့်မှန်း တန်ချိန် ၃ ဒသမ ၅၂ သိန်းထက် ပိုမိုလျက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်သည့် ၂၀၂၃-၂၄ သီးနှံ ရာသီနှစ်အတွင်း တန်ချိန် ၃ ဒသမ ၇၄ သိန်းခန့် ထုတ်လုပ်နိုင်မည်ဟု အိန္ဒိယကော်ဖီလုပ်ငန်းကြီးကြပ်မှုအဖွဲ့က ၎င်း၏ ကော်ဖီပန်းပွင့်ချိန် နောက်ပိုင်း ခန့်မှန်းချက်တွင် ဖော်ပြခဲ့သည်။

Source: The Hindu Business Line, 2 Apr 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm
Source: https://myantrade.gov.mm/article/naypyitaw_08042024_148

## ရုရှားရေနံ အဓိကဝယ်ယူသူများသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများဖြစ်

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေနံတင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းနှင့် ရေနံထွက်ကုန်ပစ္စည်းတင်ပို့မှု၏ ၃၅ ရာခိုင်နှုန်းသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများသို့ ပို့ဆောင်ခဲ့ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ပိတ်ဆို့အရေးယူမှုများစတင်ပြီးနောက် ရုရှားရေနံနှင့်ရေနံထွက်ပစ္စည်းတင်ပို့မှုပမာဏအားလုံးကို ဈေးကွက်သစ်များသို့ အပြည့်အဝလမ်းကြောင်းလွှဲနိုင်ခဲ့ကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများသည် ပြီးခဲ့သောနှစ်တွင် ရုရှားရေနံကို အဓိက ဝယ်ယူခဲ့ကြကြောင်း၊ ရေနံ ၈၀ ရာခိုင်နှုန်းနှင့် ရေနံထွက်ပစ္စည်း ၃၅ ရာခိုင်နှုန်းကျော် ကို အဆိုပါဒေသရှိနိုင်ငံများသို့ ထောက်ပံ့ပေးခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေနံတင်ပို့မှုပမာဏသည် တန်ချိန် ၂၃၄ ဒသမ ၃ သန်းရှိပြီး ၎င်းသည် ယခင်နှစ်ကထက် ၃ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရေနံထွက်ကုန်ပစ္စည်းတန်ချိန် ၁၄၄ ဒသမ ၁ သန်းနှင့် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၁၂၇ ဒသမ ၄ သန်းအထိ တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရေနံထွက်ကုန်ပစ္စည်းတင်ပို့မှုပမာဏကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ရေနံတန်ချိန် ၅၃၀ ဒသမ ၆ သန်းရှိသည့်အနက် ရေနံသန့်စင်ထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၂၇၅ သန်းရှိကြောင်း သိရသည်။ စက်သုံးဆီထုတ်လုပ်မှုပမာဏမှာ ဓာတ်ဆီတန်ချိန် ၄၄ သန်းနှင့် ဒီဇယ်ဆီတန်ချိန် ၈၈ သန်းရှိကြောင်း သိရသည်။

ရုရှားသည် ၂၀၂၂ ခုနှစ်မှစ၍ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မှုမြှင့်တင်ရန်အတွက် ၂၀၂၆ ခုနှစ်အထိ ရုရှားရေနံတင်ပို့မှုဆိုင်ရာ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်နေကြောင်း ဒုတိယဝန်ကြီးချုပ်က မှတ်ချက်ပြုခဲ့သည်။

အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏စီးပွားရေးသည် ကမ္ဘာပေါ်တွင် အမြန်ဆုံးတိုးတက်ကြီးထွားလာနေသော နိုင်ငံများထဲတွင်ပါဝင်ပြီး လာမည့်ဆယ်စုနှစ်များအတွင်း အဆိုပါတိုးတက်မှုအလားအလာသည် ဆက်လက်တည်ရှိနေမည်ဟု လေ့လာသူများက သုံးသပ်ထားသည်။ Source : https://tass.com/economy/1769253,
(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)
Source:https://myantrade.gov.mm/article/STP(Yangon)–12042024–12:18

## ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်တင်သွင်းမှုအပေါ် ဖြေလျှော့ပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများမရှိစေရေးနှင့် လိုင်စင်ရရှိပြီးလုပ်ငန်းရှင်များအားမှတ်ပုံတင်ရန် လိုအပ်ချက်အားဖယ်ရှားပေးခြင်းစသည့် ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ဆိုင်ရာ ကုန်ကျစရိတ်များမြင့်တက်လာခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းချခြင်းဆိုင်ရာ အကန့်အသတ်ရှိမှုများကြောင့် ကုန်စည်များ၏ ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ အခွန်အကောက်မဟုတ်သည့် အခက်အခဲ၊ အတားအဆီးများအား ဖယ်ရှားပေးရန်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအားဖြေလျှော့ပေးရန် သမ္မတမားကို့စ်မှ ညွှန်ကြားခဲ့သည်။

အခွန်အကောက်မဟုတ်သည့် အခက်အခဲ၊ အတားအဆီးများမှာ မူဝါဒလုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များဖြစ်ပြီး သွင်းကုန်လိုင်စင်စနစ်၊ စည်းမျဉ်းများ၊ ကြိုးနီစနစ်နှင့် သွင်းကုန်ဆိုင်ရာခွဲတမ်း (Quota) တို့ပါဝင်ကြောင်း၊ အဆိုပါအတားအဆီး၊ အခက်အခဲများကြောင့် ကုန်ကျစရိတ်များ တိုးမြင့်လာသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများ၏ ပြည်တွင်းဈေးကွက်ဈေးနှုန်းမှာ မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးမြင့်ရန်၊ ပြည်တွင်းရိက္ခာဖူလုံမှုရှိစေရန်တို့အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ မူဝါဒလုပ်ထုံးလုပ်နည်းများဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်အတွင် ၂၀၂၄ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ညွှန်ကြားချက်အမှတ် ၂၀ အား ထုတ်ပြန်ခဲ့သည်။

အဆိုပါညွှန်ကြားချက်တွင် သကြားတင်သွင်းခြင်းနှင့် ရေထွက်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်သွားရန်နှင့် ကုန်ပစ္စည်းများ၏ ပိုးမွှားကင်းစင်ခြင်းဆိုင်ရာ import clearance လုပ်ငန်းစဉ်များအတွက် ညွှန်ကြားထားသည်များ ပါဝင်ကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုထားရှိသည့် Minimum Access Value နှင့် စီမံခန့်ခွဲမှု၊ လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချပေးခြင်း၊ ဖယ်ရှားပေးခြင်းနှင့် အကောက်ခွန်နှုန်းထားများဆိုင်ရာတို့ကို National Economic and Development Authority’s Committee နှင့် ပူးပေါင်း ဆောင်ရွက်သွားရန် ညွှန်ကြားထားသည်။

ထို့ပြင်အကောက်ခွန်ဦးစီးဌာနသို့လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များအား လျင်မြန်စွာဆောင်ရွက်ပေးရန်၊ ဦးစားပေးဆောင်ရွက်ပေးရန် သမ္မတမားကို့စ်မှညွှန်ကြားခဲ့ပြီး အမိန့်ကြော်ငြာစာပါ အကောင်အထည်ဖော် ဆောင်ရွက်ရမည်များကို ထိထိရောက်ရောက် ဆောင်ရွက်မှုရှိ/မရှိ စုံစမ်းရေးအဖွဲ့ကိုလည်း ပြန်လည်ဖွဲ့စည်းထားကြောင်း ဖော်ပြပါရှိသည်။

ပြည်တွင်း၌ ဆန်စပါးရိတ်သိမ်းသည့် ယခုကာလတွင်ပင် ဈေးကွက်တွင်း လက်လီဆန်ဈေးနှုန်းကျဆင်းသင့်သော်လည်း လွန်ခဲ့သောရက်ပိုင်းက regular milled နှင့် well-milled ဈေးနှုန်းမှာ တစ်ကီလိုလျှင် တစ် ပီဆိုမှ နှစ် ပီဆိုကြားမြင့်တက်ခဲ့ကြောင်း၊ လက်ရှိဆန်ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၅၁ ပီဆိုနှင့် ၅၂ ပီဆိုတို့ဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းမြင့်တက်မှုမှာ အများကြီးမဟုတ်သော်လည်း ဆက်လက်မြင့်တက်နိုင်သည့် အလားအလာရှိနေသည့်အတွက် ဈေးနှုန်းမြင့်တက်ရသည့် အကြောင်းရင်းအား ရှာဖွေသွားမည်ဖြစ်ပြီး အမျိုးသားစာနပ်ရိက္ခာဖူလုံရေး အာဏာပိုင်အဖွဲ့ (National Food Authority-NFA) နှင့် အခြားသောသက်ဆိုင်သည့် ဝန်ကြီးဌာနများက စုံစမ်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အမေရိကန်စိုက်ပျိုးရေးဌာန၏ ခန့်မှန်းတွက်ချက်မှုများအရ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု ကျဆင်းနိုင်ပြီး ယခင်မက်ထရစ်တန် ၄ ဒသမ ၁ သန်း တင်သွင်းရာမှ ၃ ဒသမ ၈ သန်းထိ တင်သွင်းမှုလျော့ကျနိုင်ကြောင်း၊ အဆိုပါ ခန့်မှန်းချက်အားကြည့်မည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံသည် အယ်နီညိုရာသီ၏ သက်ရောက်မှုများနှင့် တိုင်ဖွန်းတို့ဝင်ရောက်သည့်ကြားမှ Luzon ဒေသ၏ စိုက်ပျိုးမှုနည်းစနစ် ပိုမိုကောင်းမွန်လာခြင်းကြောင့် စပါးအထွက်နှုန်းတိုးမြင့်ခဲ့၍ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန်က ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ၄ နှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ၂၀၂၅ ခုနှစ် ဘတ်ဂျက်ခွဲဝေမှုတွင် ပီဆို ဘီလီယံ ၂၅၀ အနည်းဆုံးခွဲဝေချထားပေးရန် တင်ပြထားကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း၊ စပါးစိုက်ပျိုးသည့်ဒေသများအတွက် ဦးစားပေးသုံးစွဲသွားမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြင့်စေရန်အတွက် ဖြစ်ကြောင်း၊ ရေပေးဝေရေးစနစ် (irrigation system) အတွက် အဓိကထား သုံးစွဲသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင် ရိတ်သိမ်းပြီးချိန်နောက်ပိုင်း လုပ်ငန်းစဉ်များတွင် နည်းပညာလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုများ လျှော့နည်းစေရန်အတွက်လည်း ဘတ်ဂျတ်နှစ်ဆခန့် တိုးမြင့်ချထားပေးရန် တင်ပြထားကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတနန်းတော်မှ ၂၀၂၄ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမှုများဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၂၀ တွင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ချမှတ်ထားပြီး အကောက်ခွန်နှုန်းထားမဟုတ်သည့် ကဏ္ဍဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ Sanitary and phytosanitary import clearance ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် ကြန့်ကြာမှုမရှိစေရေး၊ သကြားနှင့် ရေထွက်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမှုများ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ လွယ်ကူမြန်ဆန်စေရေး၊ စုံစမ်းထောက်လှမ်းမည့်အဖွဲ့ ဖွဲ့စည်းခြင်းစသည်တို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညွှန်ကြားထားသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဌာနများဖြစ်သည့် Department of Agriculture, Department of Trade and Industry, Department of Finance, Sugar Regulatory Authority, Bureau of Customs တို့မှလည်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သမ္မတထံသို့ ပူးပေါင်း တင်ပြသွားရန်လည်း လမ်းညွှန်ထားကြောင်း ပူးတွဲပါအမိန့်ကြော်ငြာစာနှင့်တကွ လေ့လာတင်ပြအပ်သည်။

Source: https://www.officialgazette.gov.ph/2024/04/18/administrative-order-no-20-s-2024/

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_220420240130

## တရုတ်နှင့် ဘရာဇီးတို့၌ အထွက်တိုးတက်မှုက အမေရိကန်၏ ၂၀၂၅ ခုနှစ် ပြောင်းသီးနှံပို့ကုန် ကျဆင်းစေဖွယ်ရှိ

တရုတ်နိုင်ငံ၌ ပြောင်းသီးနှံအစား ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးရန် အစိုးရက ဆွဲဆောင်တွန်းအားပေးလျက် ရှိသော်လည်း ယခင်နှစ်တွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့်အတိုင်း ၂၀၂၄ ခုနှစ်၌လည်း ဆက်လက်၍ စံချိန်တင် တိုးတက်ဖွယ်ရှိကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၊ ပေကျင်းမြို့ရှိ အမေရိကန် စိုက်ပျိုးရေးသံမှူး၏ ဧပြီလ ပထမပတ်၌ ခန့်မှန်းချက်အရ ၂၀၂၄-၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းသီးနှံထုတ်လုပ်မှုမှာ စိုက်ပျိုးသည့်ဧရိယာ တိုးချဲ့မှုနှင့် အထွက်နှုန်း ကောင်းမွန်မှုကြောင့် ၂ ဒသမ ၄ ရာခိုင်နှုန်းခန့် တိုးတက်လျက် မက်ထရစ်တန် ၂၉၆ သန်း အထိ စံချိန်တင် ထွက်ရှိ နိုင်ကြောင်း သိရှိရသည်။ အဆိုပါပမာဏသည် ၄ နှစ်ဆက်တိုက် စံချိန်တင် တိုးတက်မှုဖြစ်ပြီး လွန်ခဲ့သော ၄ နှစ်၌ တရုတ်နိုင်ငံ၏ ပြောင်းထုတ်လုပ်မှုမှာ တန်ချိန် ၂၆၁ သန်း ခန့်သာရှိခဲ့သည်။

စားနပ်ရိက္ခာဖူလုံရေးသည် တရုတ်နိုင်ငံအတွက် အဓိကအလေးထားရမည့်ကိစ္စရပ်အဖြစ် ဆက်လက် တည်ရှိနေပြီး သွင်းကုန်အပေါ် အမှီပြုနေရမှုအား လျှော့ချရေးသည် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ ၂၀၂၃-၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုမှာ ပြည်တွင်းစားသုံးမှုပမာဏ၏ ၈ ရာခိုင်နှုန်းခန့်ရှိပြီး ပဲပုပ်တင်သွင်းမှုမှာမူ ၈၇ ရာခိုင်နှုန်းအထိရှိသဖြင့် ၂၀၂၄-၂၅ သီးနှံရာသီနှစ်အတွင်း ပြောင်း သီးနှံထက် ပဲပုပ်စိုက်ပျိုးမှုအတွက် လယ်သမားများသို့ အမတော်ကြေးများထောက်ပံ့မှုကို တိုးမြှင့်ပေးခဲ့သည်။

မကြာသေးမီကာလအတွင်း ပြောင်းသီးနှံ၏ အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာခြင်း၊ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲ ထားသည့်သီးနှံမျိုးစေ့များကိုအသုံးပြုစိုက်ပျိုးလာနိုင်ခြင်းတို့ကြောင့် ပဲပုပ်စိုက်ပျိုးမှုထက်ပြောင်းသီးနှံစိုက်ပျိုးမှုမှ အမြတ်အစွန်း ပိုမိုရရှိရန် တရုတ်လယ်သမားများက မျှော်လင့်လျက်ရှိကြသည်။ တရုတ်နိုင်ငံ၏ ၂၀၂၄-၂၅ ခုနှစ် ပြောင်းသီးနှံ စိုက်ပျိုးမှုဧရိယာ တွင် မျိုးရိုးဗီဇပြုပြင်ထားသည့် မျိုးစေ့သုံးစွဲမှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန က ခန့်မှန်းထားပြီး ရှေ့လာမည့် ၂ နှစ်အတွင်း ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ခြေရှိသည်။

လွန်ခဲ့သော ၄ နှစ်အတွင်း ပြောင်းသီးနှံထွက်ရှိမှု တိုးတက်မြင့်မားလာခဲ့သော်လည်း ပြည်ပမှတင်သွင်းနေရမှုကို တဖြည်းဖြည်းလျှော့ချရန်အတွက် တရုတ်နိုင်ငံ၌ ပြောင်းသီးနှံမည်မျှ တိုးချဲ့စိုက်ပျိုးရမည်ဆိုသည်မှာ ရှင်းလင်းမှုမရှိသေး ကြောင်း၊ ပေကျင်းရှိ အမေရိကန်စိုက်ပျိုးရေးသံမှူး၏ ခန့်မှန်းချက်အရမူ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်တင်သွင်းမှုပမာဏ တန်ချိန် ၂၃ သန်းအောက် လျော့ကျလျက် ၂၀၂၄-၂၅ ခုနှစ်တွင် ပြောင်းတန်ချိန် သန်း ၂၀ ခန့်သာ တင်သွင်းဖွယ်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ အဓိကပြောင်း အဓိကပေးသွင်းလျက်ရှိသည့် ဘရာဇီးနိုင်ငံတွင် ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုမှာ ယခုနှစ်ထက် ၂၀၂၄-၂၅ ခုနှစ်၌ ၆ ရာခိုင်နှုန်းမြင့်တက်လျက် ပုံမှန်အထွက်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း ဘရာဇီးနိုင်ငံ အခြေစိုက် အမေရိကန်စိုက်ပျိုးရေးသံမှူးက အစီရင်ခံတင်ပြထားသည်။ သို့သော် ၂၀၂၃-၂၄ ခုနှစ် သီးနှံရာသီ၌ စိုက်ပျိုးမှု နည်းပါးပြီး စိုက်ဧရိယာအများစုမှာ စိုက်ပျိုးထားရှိဆဲဖြစ်ရာ ဘရာဇီးဈေးကွက်တွင် ပြောင်းဈေးနှုန်းမြင့်မားမှုရှိပြီး ပြိုင်ဘက် ပို့ကုန်နိုင်ငံများအတွက် မျက်နှာသာပေးသည့် အခြေအနေရှိသည်။

အမေရိကန် သန်းခေါင်စာရင်းဗျူရို (Census Bureau) ၏ ၂၀၂၄ ခုနှစ် ဧပြီလ ၄ ရက်နေ့ ထုတ်ပြန်သော စာရင်းများအရ အမေရိကန်နိုင်ငံ၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၌ ပြောင်းတင်ပို့မှုမှာ တန်ချိန် ၅ ဒသမ ၃၇ သန်း ဖြင့် ၉ လမြောက် အမြင့်ဆုံး ဖြစ်ခဲ့ကြောင်းနှင့် ၎င်းပမာဏသည် ယခင်နှစ်ကာလတူထက် ၆၄ ရာခိုင်နှုန်း တိုးတက် ခဲ့ခြင်းဖြစ်ပြီး ၅ နှစ်တာ ပျမ်းမျှတင်ပို့မှု၏ အထက်တွင်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ မတ်လမှ မေလအထိ ကာလသည် ပြောင်းတင်ပို့မှု အများဆုံးကာလဖြစ်သည်။ အမေရိကန် စိုက်ပျိုးရေးဌာန၏ အချက်အလက်များအရ မတ်လ ၂၈ ရက်နေ့၌ ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ပြောင်းတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၆၄ သန်းဖြင့် ဈေးကွက်တင်ရောင်းဝယ်ရေးနှစ် တစ်နှစ်အတွင်း တစ်ပတ်တာ အများဆုံးပမာဏဖြစ်ခဲ့ ကြောင်း၊ သို့ရာတွင် ဖေဖော်ဝါရီလ၌ အမေရိကန်မှ ပြောင်းတင်ပို့သည့် ဈေးကွက်များတွင် တရုတ်နိုင်ငံပါဝင်ခဲ့ခြင်းမရှိဘဲ မတ်လအတွင်း၌ သင်္ဘောပို့မှု ၂ ကြိမ်သာရှိကြောင်း၊ မတ်လ ၂၈ ရက်နေ့ရှိ စာရင်းအရ ၂၀၂၃-၂၄ ခုနှစ် အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူထားသည့် အမေရိကန်ပြောင်း ၁၅၇,၁၀၀ တန်သာ သင်္ဘောတင်ရန် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း၊ အဆိုပါ ပမာဏသည် ၎င်းနေ့ရက်အတွက် ၇ နှစ်တာကာလအတွင်း အနိမ့်ကျဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းသီးနှံအထွက်ပမာဏ တိုးတက်လာနိုင်မှုနှင့် ဘရာဇီးနိုင်ငံ၏ ပြောင်းစိုက်ပျိုး ထုတ်လုပ်မှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာနိုင်မည့် အလားအလာရှိမှုတို့အရ အမေရိကန်နိုင်ငံ၏ ၂၀၂၅ ခုနှစ် ပြောင်းသီးနှံပို့ကုန်မှာ လျော့ကျနိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

Source: Reuters, 4 Apr 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm
Source: [https://myantrade.gov.mm/article/naypyitaw_23042024_331](https://myantrade.gov.mm/article/naypyitaw_23042024_331)

## အိန္ဒိယနိုင်ငံ၌ စားအုန်းဆီတင်သွင်းမှုကျဆင်းပြီး နေကြာဆီတင်သွင်းမှုမြင့်တက်

အိန္ဒိယနိုင်ငံ၌ ၂၀၂၄ ခုနှစ် မတ်လအတွင်း နေကြာဆီတင်သွင်းမှုမှာ ယခင်လကထက် ၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ပြိုင်ဘက်စားအုန်းဆီထက် ဈေးနှုန်းသက်သာမှုရှိသဖြင့် စားသုံးဆီပြန်လည် သန့်စင် ထုတ်လုပ်သည့် စက်ရုံများသည် စားအုန်းဆီအစား နေကြာဆီကို ပိုမိုတိုးတက်ဝယ်ယူလာခြင်းဖြစ်သည်ဟု ကုန်သည်လုပ်ငန်းရှင် ၅ ဦးက ပြောဆိုကြောင်း ရိုက်တာသတင်းဌာနက ၂၀၂၄ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။

၎င်းတို့၏ ပြောဆိုမှုအရ အိန္ဒိယနိုင်ငံသည် မတ်လတွင် နေကြာဆီ မက်ထရစ်တန်ချိန် ၄၄၈,၀၀၀ တန်ကို တင်သွင်းခဲ့ကြောင်း၊ စားအုန်းဆီတင်သွင်းမှုမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းလျက် တန်ချိန် ၄၈၁,၀၀၀ တန် သာရှိပြီး ၂၀၂၃ ခုနှစ် မေလ နောက်ပိုင်းတွင် အနိမ့်ဆုံးအဖြစ် ရောက်ရှိခဲ့ကြောင်း၊ ပဲပုပ်ဆီတင်သွင်းမှုမှာ ဖေဖော်ဝါရီလထက် ၂၇ ရာခိုင်နှုန်းပိုမိုလျက် တန်ချိန် ၂၂၀,၀၀၀ ရှိကြောင်း၊ ၂၀၂၄ ခုနှစ် မေလတွင် တင်ပို့မည့် သင်္ဘောတင်စရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ခများပါဝင်သည့် စားအုန်းဆီကြမ်း တစ်တန်၏ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းအရောက်တန်ဖိုး (CIF ဈေးနှုန်း) သည် ဒေါ်လာ ၁,၀၂၀ ခန့်ကျသင့်ချိန်၌ ပဲပုပ်ဆီသည် ဒေါ်လာ ၁,၀၀၀ နှင့် နေကြာဆီသည် ဒေါ်လာ ၉၆၀ ခန့်သာရှိကြောင်း၊ ပုံမှန်အားဖြင့် စားအုန်းဆီဈေးနှုန်းသည် ပြိုင်ဘက် ပဲပုပ်ဆီ နှင့် နေကြာဆီတို့အောက် နိမ့်ကျမှုရှိသော်လည်း ကုန်လက်ကျန်ပမာဏ ကျဆင်းလျက်ရှိသဖြင့် ဈေးနှုန်းများ မြင့်မားနေခြင်းဖြစ်ကြောင်းသိရသည်။

နေကြာဆီနှင့် ပဲပုပ်ဆီ အမြောက်အမြားတင်သွင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ၂၀၂၄ ခုနှစ် မတ်လအတွင်း စားသုံးဆီတင်သွင်းမှု စုစုပေါင်းသည် ၆ လအတွင်း အမြင့်ဆုံးအဖြစ် တန်ချိန် ၁ ဒသမ ၁၄၉ သန်းရှိပြီး ယခင်လထက် ၁၈ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် စားအုန်းဆီကို အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းတို့မှလည်းကောင်း၊ ပဲပုပ်ဆီနှင့် နေကြာဆီကို အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းတို့မှ လည်းကောင်း အဓိကတင်သွင်းကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

Source: Reuters, 2 April 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm
Source: [https://myantrade.gov.mm/article/naypyitaw_23042024_336](https://myantrade.gov.mm/article/naypyitaw_23042024_336)

## ယူကရိန်းနိုင်ငံ၌ နေကြာဆီထုတ်လုပ်မှု မြင့်တက်

ဈေးကွက်လေ့လာသုံးသပ်သူများ၏ မကြာသေးမီက ခန့်မှန်းချက်များအရ နေကြာဆီနှင့် ဆက်စပ် ထုတ် ကုန်များအား ကမ္ဘာ့ဈေးကွက်သို့ အဓိကတင်ပို့နေသည့် ယူကရိန်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် မတ်လ၌ ထုတ်လုပ်မှု သိသာစွာ တိုးတက်လာသည်ကိုမြင်တွေ့ခဲ့ရပြီး သုံးလနီးပါးခန့်အတွင်း အမြင့်ဆုံးအဖြစ် နေကြာဆီတန်ချိန် ၁ ဒသမ ၄၉ သန်းခန့်ကို ထုတ်လုပ်ခဲ့ကြောင်း Chemanalyst သတင်းဝက်ဘ်ဆိုက်က ဧပြီလ ၈ ရက်နေ့တွင် ဖော်ပြသည်။ အဆိုပါပမာဏသည် ဖေဖော်ဝါရီလ၌ ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်လုပ်ခဲ့မှုနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်လာခြင်းဖြစ်သည်။ ၂၀၂၃-၂၄ ဈေးကွက်တင်ရောင်းဝယ်ရေးနှစ်၏ ပထမ ၇ လအတွင်း ယူကရိန်းရှိ နေကြာဆီ စုဆောင်းထုတ်လုပ်မှုသည် စုစုပေါင်း တန်ချိန် ၉ ဒသမ ၃ သန်းအထိ သိသာစွာ တိုးတက်လာကြောင်း၊ ယခင် ဈေးကွက်ရာသီနှင့် ကာလတူ နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း၊ လွန်ခဲ့သော ဈေးကွက်ရာသီ ၃ ခုအတွင်း စံချိန်တင် အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာပြီး ယူကရိန်း-ရုရှား စစ်ပွဲမတိုင်မီကာလ၌ စက်တင်ဘာလမှ မတ်လအထိ ကာလအပိုင်း အခြားတွင် ထုတ်လုပ်နိုင်ခဲ့သော တန်ချိန် ၉ ဒသမ ၆ – ၁၀ ဒသမ ၅ သန်း အဆင့်သို့ ချဉ်းကပ်လာခြင်း ဖြစ်ကြောင်း Chemanalyst ၏ ဖော်ပြချက်အရ သိရသည်။

ယူကရိန်းနိုင်ငံ၏ နေကြာဆီထုတ်လုပ်မှုတိုးတက်လာခြင်းက လာမည့်ရာသီကာလအတွင်း နေကြာဆီတင်ပို့မှုကိုလည်း မြင့်တက်လာစေနိုင်ကြောင်း၊ အဆိုပါအခြေအနေက ကမ္ဘာ့ဈေးကွက်သို့ အဓိကပို့ဆောင်သည့် ဒန်းနူဘယ် (Danube) ဆိပ်ကမ်း အပါအဝင် ယူကရိန်းနိုင်ငံ တောင်ပိုင်းရှိ အဓိကဆိပ်ကမ်းဖြစ်သည့် အိုဒဆာ (Odesa)ကဲ့သို့ ဆိပ်ကမ်းများ၌ ဆိပ်ကမ်းလုပ်ငန်း လည်ပတ်မှုကို အထောက်အပံ့ဖြစ်စေကြောင်း ဈေးကွက် လေ့လာသုံးသပ်သူ အများအပြားက အသိအမှတ်ပြုကြသည်။

သို့သော် စစ်ကြိုကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် နေကြာသီးနှံ ရိတ်သိမ်းရမှု ကျဆင်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဧပြီလ အစောပိုင်းတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားသည့် နေကြာဆီထုတ်လုပ်သူများနှင့် လယ်သမားများလက်ဝယ်၌ နေကြာစေ့လက်ကျန်ပမာဏမှာ ခန့်မှန်းအားဖြင့် တန်ချိန် ၄ ဒသမ ၅ သန်းမှ ၅ သန်းအထိ ရှိနိုင်ကြောင်း၊ ဤတန်ချိန် ပမာဏသည် ပြီးခဲ့သော ရာသီ ၃ ခုအတွင်း အနိမ့်ဆုံးပမာဏဖြစ်ကြောင်း သိရှိရသည်။ ၂၀၂၃-၂၄ ရာသီအတွက် လာမည့်ကာလ များတွင် နေကြာစေ့များ ကြိတ်ခွဲထုတ်လုပ်နိုင်မှု ပမာဏမှာ တန်ချိန် ၁၃ ဒသမ ၃ သန်းမှ ၁၃ ဒသမ ၈ သန်းကြားရှိနိုင်ပြီး ယခင်ရာသီထက် အနည်းဆုံး ၄ ရာခိုင်နှုန်း လျော့နည်းမည်ဟု စျေးကွက်လေ့လာ သုံးသပ်သူများက ခန့်မှန်းထားကြသည်။

သို့သော်ယခုခန့်မှန်းချက်သည် ပို့ကုန်စျေးကွက်အားသက်ရောက်စေသည့်အချက်အလက်များအပေါ် မူတည်ပါကြောင်း၊ ဥရောပနိုင်ငံများသို့ နေကြာဆီတင်ပို့မှု တဖြည်းဖြည်းပြန်လည်စတင်ခြင်းနှင့် တူရကီနိုင်ငံတွင် ဆီထွက်သီးနှံများ တင်သွင်းမှု အပေါ် အခွန်လျှော့ချခြင်းတို့က နိုင်ငံခြားစျေးကွက်သို့ တင်ပို့မှုအားကောင်းလာ မည်ဟုမျှော်လင့်ရကြောင်း၊ မည်သို့ပင်ဆိုစေ ကာမူ ပြည်တွင်းစျေးကွက်၏ ဆွဲဆောင်မှုရှိသောစျေးနှုန်းဖြစ်ပေါ်နေခြင်းက နိုင်ငံခြားစျေးကွက် တင်ပို့မှုအားကောင်းခြင်းကို ထောက်ပံ့ပေးမည်ဟုမျှော်လင့်ရကြောင်း၊ ထုတ်လုပ်မှုတိုးတက်လာသော်လည်း တောင်ပိုင်းဒေသများတွင် ပြိုင်ဆိုင်မှုများရှိလာ ခြင်းကြောင့် ယူကရိန်း၏ နေကြာဆီတင်ပို့မှုပမာဏသည် ယခင်နှစ်ထက် သိသိသာသာနည်းပါးနေသေးကြောင်း၊ ထို့ပြင် ယူကရိန်းမှ နေကြာဆီများ တင်ပို့ရာတွင် ဘူလ်ဂေးရီးယားနိုင်ငံ၏ သွင်းကုန်လိုင်စင်လျှောက်ထားမှု စည်းမျဉ်းစည်းကမ်းများ ရှုပ်ထွေးလျက်ရှိခြင်းကြောင့်သီးနှံတင်ပို့ရန်ပမာဏတိုးတက်လာခြင်းသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ChemAnalyst က ဖော်ပြသည်။

စျေးကွက်ဖြန့်ချိမှုအပိုင်း၌ နေကြာဆီ၏ ဝယ်လိုအားနှင့်စားသုံးမှုတို့သည် ကမ္ဘာ့စျေးကွက်တစ်လျှောက် အတက်ဘက် တွင် ဆက်လက်တည်ရှိနေသဖြင့် စျေးကွက်အတွင်း ပါဝင်လုပ်ကိုင်သူများအကြားတွင် ကုန်ပစ္စည်းရရှိနိုင်မှုကို အားနည်းစေပြီး အလုံးစုံတင်ပို့မှုအရှိန်ကို သက်ရောက်မှုဖြစ်စေကြောင်း၊ ကမ္ဘာ့စျေးကွက်မှ နေကြာဆီအတွက် ပြည်ပဝယ်လိုအားများ ဆက်တိုက်မြင့်တက်နေသဖြင့် စျေးနှုန်းများသည်လည်း လိုက်ပါမြင့်တက် လာနိုင်ကြောင်း ChemAnalyst သတင်း ဝက်ဘ်ဆိုက် က ရေးသားဖော်ပြထားသည်။

Source: Chemanalyst, 8 April, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ စျေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23042024_340

## ဗီယက်နမ်မှ အုန်းသီးနှင့်အေးခဲထားသောဒူးရင်းသီးများ တရုတ်စျေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်

ViệtNam News ၏ အစီရင်ခံစာအရ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ တရုတ်နိုင်ငံသို့ တင်ပို့ရန် အရည်အချင်းပြည့်မီ၍ တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ကုဒ်နံပါတ်များ ထုတ် ပေးထားသည့် ဒူးရင်းစိုက်ပျိုးရေးခြံနှင့် ထုပ်ပိုးမှုလုပ်ငန်းများ ၈၇၆ ခုရှိပြီး ဗီယက်နမ်အနေဖြင့် တရုတ်နိုင်ငံနှင့် ဒူးရင်းသီးကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပိုမိုကောင်းမွန်သော အခြေအနေများ ဖန်တီးပေးထားကြောင်း သိရသည်။

ဗီယက်နမ် ဒူးရင်းသီးများသည် တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ချိန် တိုတောင်းသည့်အပြင် အထွက်နှုန်း မြင့်မားပြီး တစ်နှစ်ပတ်လုံးရရှိနိုင်ကြောင်း၊ ဗီယက်နမ်မှ လတ်ဆတ်သော ဒူးရင်းသီးများကို ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ စျေးကွက်ဝင်ရောက်ခွင့်ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ခွင့်ပြုပေးခဲ့ပြီး ပထမအကြိမ် တင်ပို့မှုကို စက်တင်ဘာလ တွင် စတင်နိုင်ခဲ့ကြောင်း၊ ထိုအချိန်ကတည်းက ဗီယက်နမ်ဒူးရင်းသီး တင်ပို့မှု မြင့်တက်လာပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၈၈ သန်းမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း၊ ယင်းအနက် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း၊ ဒူးရင်းသီးကုန်သွယ်မှု သည် ဗီယက်နမ်၏သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ တစ်ခုလုံးအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုရှိခဲ့ပြီး စုစုပေါင်းပို့ကုန်တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၆၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၇၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၇၀ သန်းသို့ ရောက်ရှိခဲ့ကြောင်း၊ အဓိက တင်ပို့သည့် ကုန်ပစ္စည်းများမှာ ဒူးရင်းသီး၊ အုန်းသီး၊ နဂါးမောက်သီး၊ ဂရိတ်ဖရုသီး၊ ငှက်ပျောသီး၊ သံပရာသီး၊ စပျစ်သီးနှင့် သရက်သီးများပါဝင်ပြီး ဒူးရင်းသီး သည် တန်ဖိုးအရ အဓိက ပို့ကုန်အဖြစ် ရပ်တည်နေကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်အုန်းသီးနှင့် အေးခဲဒူးရင်းများကို တရုတ်ဈေးကွက်သို့ဝင်ရောက်ရန် ညှိနှိုင်းမှုမှာ ပြီးစီးလုနီးပါး ဖြစ်ကြောင်း၊ အဆိုပါပစ္စည်းနှစ်ခုပါဝင်ပါက ဗီယက်နမ်၏သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံအထိ မြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အပင်ကာကွယ်ရေးဌာန၏အဆိုအရ နိုင်ငံ၏ တောင်ပိုင်းပြည်နယ်များတွင် ဒူးရင်းသီးစိုက်ဧရိယာသည် ၂၀၂၄ ခုနှစ် အစပိုင်းတွင် ၆၂,၁၇၃ ဟက်တာအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်အစနှင့် နှိုင်းယှဉ်ပါက ဟက်တာ ၁၅,၀၀၀ တိုးလာကြောင်း သိရသည်။ ထို့ပြင် တောင်ဘက်ရှိကမ်းရိုးတန်းဒေသနှင့် အလယ်ပိုင်းကုန်းမြင့်ဒေသရှိ ပြည်နယ်များတွင် ယခုအခါ ဒူးရင်းစိုက်ဧရိယာ ၅၇,၁၀၁ ဟက်တာရှိပြီး တစ်နှစ်ထက်တစ်နှစ် ဟက်တာ ၁၉,၂၀၀ ကျော် တိုးလာခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်ဈေးကွက်ရှိ ဒူးရင်းသီးလိုအပ်ချက်သည် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ မြင့်တက်လာမည်ဟု ခန့်မှန်းရပြီး ကမ္ဘာ့ဈေးကွက်ဝယ်လိုအားမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့စွာ စိုက်ပျိုးနိုင်လျှင် ဗီယက်နမ်ဒူးရင်းကဏ္ဍအတွက် သိသာထင်ရှားသော အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးဈေးကွက်ကို ကျယ်ပြန့်စေရန်အတွက် စိုက်ပျိုးသူများနှင့် ကုမ္ပဏီများအား ၎င်းတို့၏ စိုက်ပျိုးဧရိယာများ တိုးချဲ့ရုံသာမက အရည်အသွေး နှင့် ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှုတွင် ပိုမိုကောင်းမွန်စေရေး ဦးစားပေးလုပ်ဆောင်ရန်နှင့် တန်ဖိုးမြင့် ဒူးရင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းလမ်းများကိုရှာဖွေရန် လုပ်ငန်းရှင်များအား တိုက်တွန်းထားကြောင်း သိရသည်။

Source: [https://www.producereport.com/article/vietnamese-coconuts-frozen-durians-nearing-china-market-access,](https://www.producereport.com/article/vietnamese-coconuts-frozen-durians-nearing-china-market-access) (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: [https://myantrade.gov.mm/article/Naypyitawstp_240420241010](https://myantrade.gov.mm/article/Naypyitawstp_240420241010)

## စီးပွားရေးလုပ်ငန်းအသစ်များပေါ်ပေါက်လာမှုကို အဟန့်အတားဖြစ်စေနိုင်သည့် တရုတ်နိုင်ငံ၏ သွင်းကုန်များအား အမေရိကန် နိုင်ငံက လက်ခံမည်မဟုတ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Ms. Janet L. Yellen က ပြောကြားခဲ့

စီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ပေါက်လာမှုကို အဟန့်အတားဖြစ်စေနိုင်သည့် တရုတ်နိုင်ငံ၏ သွင်းကုန်များကို အမေရိကန်နိုင်ငံက လက်ခံမည်မဟုတ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Ms. Janet L. Yellen က ပြောကြားခဲ့သည်ဟု Voice Of America (VOA) အွန်လိုင်းသတင်း၌ ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် “Yellen says US will not accept Chinese imports decimating new industries” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Ms. Janet L. Yellen က ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်အပြီး သတင်းစာ ရှင်းလင်းပွဲတွင် စီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ပေါက်လာမှုကို အဟန့်အတားဖြစ်စေနိုင်သည့် တရုတ်နိုင်ငံ၏ သွင်းကုန်များကို အမေရိကန် နိုင်ငံက လက်ခံ မည်မဟုတ်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ သွင်းကုန်များကြောင့် အမေရိကန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်အကိုင်ပေါင်း ၂ သန်းခန့် ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းအခြေအနေ ထပ်မံဖြစ်ပေါ်လာနိုင်မည့် “China Shock” ဖြစ်လာမည်ကို သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် လက်သင့်ခံမည်မဟုတ်ကြောင်း၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး၏ ခရီးစဉ်သည် ပြည်တွင်းစားသုံးမှုကို များစွာကျော်လွန်နေသော်လည်း စက်မှုလုပ်ငန်းများတည်ထောင်ရန် ထောက်ပံ့နေသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများရှိ စက်မှုလုပ်ငန်းများအပေါ် ခြိမ်းခြောက်နေခြင်းနှင့် ပတ်သက်၍ ဆွေးနွေးရန်ဖြစ်ကြောင်း၊ ယင်းကိစ္စရပ်များကို ဆွေးနွေးသွားရန် ဖိုရမ်များကျင်းပသွားမည်ဖြစ်ပြီး အဖြေရှာရှိရန် အချိန်လိုအပ်ကြောင်း၊ ၎င်းအနေဖြင့် တရုတ်အစိုးရအရာရှိကြီးများနှင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက် သွားရန် အမြင်ဖလှယ်ခဲ့ပြီး တရုတ်စက်မှုလုပ်ငန်းများ၏ အလွန်အကျွံ ထုတ်လုပ်မှုအပေါ် စိုးရိမ်မှုသည် အမေရိကန် တစ်နိုင်ငံ တည်းသာမဟုတ်ဘဲ အမေရိကန်၏ မိတ်ဖက်များဖြစ်သော ဥရောပ၊ ဂျပန်၊ မက္ကဆီကို၊ ဖိလစ်ပိုင်နှင့် အခြားထွန်းသစ်စနိုင်ငံ များကလည်း အလားတူ သဘောထားများရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံဘက်ကလည်း အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က မကြာသေးမီက အလေးထားပြောဆိုနေကြသည့် တရုတ်နိုင်ငံစက်မှုလုပ်ငန်းများ၏ အလွန်အကျွံထုတ်လုပ်မှုဆိုသည်မှာ လွဲမှားသည့်ကိစ္စရပ်ဖြစ်ကြောင်း၊ အဓိကကျသည့် စက်မှုလုပ်ငန်း များတွင် တရုတ်ကုမ္ပဏီများ၏ တီထွင်ဖန်တီးမှုများနှင့် ပတ်သက်၍ ဝေဖန်ခြင်းနှင့် ယင်းလုပ်ငန်းများ တိုးတက်မှုအပေါ် အစိုးရ၏ အထောက်အပံ့ပေးမှုတို့ကို ချဲ့ကားပြောဆိုခြင်းဖြစ်သည်ဟု တရုတ်အစိုးရအရာရှိများက ပြောကြားခဲ့ကြောင်း၊ ထို့ပြင် အကောက်ခွန်တိုးမြှင့်သတ်မှတ်ခြင်းနှင့် အခြားကုန်သွယ်မှုဆိုင်ရာ ဖြတ်တောက်မှုများသည် ကမ္ဘာ့စားသုံးသူများ၏

သန့်စင်သော စွမ်းအင်သုံးပစ္စည်းများရယူအသုံးပြုခွင့်အပေါ် ပိတ်ပင်ခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏လျှပ်စစ်မော်တော်ယာဉ်ကုန်သွယ်မှုအပေါ် ဖြတ်တောက်ခြင်းသည် ကမ္ဘာ့လျှပ်စစ်မော်တော်ယာဉ် ဈေးကွက်တိုးတက်မှုကို ပိတ်ပင်ရာရောက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ စည်းမျဉ်းများကိုချိုးဖောက်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏လျှပ်စစ်မော်တော်ယာဉ်ကုမ္ပဏီများသည် အစိုးရ၏အထောက်အပံ့ထက် နည်းပညာတီထွင်ဆန်းသစ်မှု၊ ပြီးပြည့်စုံသည့်ထုတ်လုပ်မှုနှင့် Supply Chain System တိုးတက်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုတို့အပေါ် အလေးထားလုပ်ကိုင်ခြင်းဖြစ်သည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao က အစိုးရအထောက်အပံ့ပေးမှုနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ၌ စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အမျိုးသားလုံခြုံရေးအကြောင်းပြချက်ဖြင့် တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များ၏ အစိတ်အပိုင်းအချို့ကို စုံစမ်းစစ်ဆေးခြင်း၊ လျှပ်စစ်မော်တော် ယာဉ်အသုံးပြုမှုအပေါ် အစိုးရထောက်ပံ့ကြေးပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အပြင် တရုတ်နိုင်ငံဘက်ကလည်း အမေရိကန်နိုင်ငံအနေဖြင့် ဈေးကွက်အတွင်းမျှတသည့်ယှဉ်ပြိုင်မှုကို ပျက်ပြားစေပြီး ခွဲခြားဆက်ဆံသည်ဟုဆိုကာ အမေရိကန် နိုင်ငံကို WTO တွင် တိုင်ကြားခဲ့ပါကြောင်းနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများ အကြား ပြိုင်ဆိုင်မှုများပို၍ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ရသည်။

Source: https://www.voanews.com/a/yellen-says-us-will-not-accept-chinese-imports-decimating-new-industries-/7561032.html ,

(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)

Source: https://myantrade.gov.mm/article/Naypyitawstp_090420241100

## ဒူးရင်းသီးအတွက် စံနှုန်းများကို ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိ

ထိုင်းနိုင်ငံအစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များအကြား ယှဉ်ပြိုင်မှုကို ထိန်းသိမ်းရန်နှင့် ဒူးရင်းသီးပို့ကုန်၏ အရည်အသွေးကို ထိန်းသိမ်းရန်အတွက် ကုန်စည်ဆိုင်ရာ စံနှုန်းများကို ထုတ်ပြန်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

ဒူးရင်းသီးပို့ကုန်၏ အရည်အသွေးကို ထိန်းသိမ်းရန်နှင့် မမှည့်သေးသော သို့မဟုတ် အရည်အသွေးမမီသော ဒူးရင်းသီးများကိုရောင်းချနိုင်ရေး ခူးဆွတ်မှုမှ ကာကွယ်ရန်အတွက် ဒူးရင်းသီး စံနှုန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအဆင့်စည်းမျဉ်း (မူကြမ်း)တင်ပြရန် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနကို လမ်းညွှန်ထားကြောင်း၊ စည်းမျဉ်းအရ ဒူးရင်းသီးကို ထုပ်ပိုးရမည်ဖြစ်ပြီး အရည်အသွေးစံနှုန်းများတွင် ဒူးရင်းသီးအသားအလေးချိန်သည် Monthong တွင် ၃၂ ရာခိုင်နှုန်း၊ Chanee တွင် ၃၀ ရာခိုင်နှုန်းနှင့် Kra Dum တွင် ၂၈ ရာခိုင်နှုန်းစသည်ဖြင့် အမျိုးအစားအလိုက် အနိမ့်ဆုံးသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်က လမ်းညွှန်ထား ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Chai Wacharonke က ထပ်ဆင့်ပြောကြားခဲ့သည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းတွင် ထိုင်းနိုင်ငံသည်ကမ္ဘာ့ဈေးကွက်တွင် ထိပ်တန်းဒူးရင်းသီးတင်ပို့သူဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ ဒူးရင်းသီးတင်ပို့သူများအကြား အရည်အသွေးနှင့် ယှဉ်ပြိုင်မှုကို ထိန်းသိမ်းရန်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဒူးရင်းသီးပို့ကုန်မှ ဝင်ငွေ ဘတ် ၁၂၀ ဘီလီယံ ရရှိခဲ့ကြောင်း၊ ယခင်နှစ်က ဒူးရင်းသီး တင်ပို့ခဲ့မှုသည် တန်ချိန် ၉၀၀,၀၀၀ ဖြစ်ပြီး အများစုမှာ တရုတ်နိုင်ငံသို့ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်၏ ဝယ်လိုအားသည် တန်ချိန် တစ်သန်းထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဒူးရင်းသီးကို ၄၂၄,၇၂၉ ရိုင်အထိ တိုးချဲ့စိုက်ပျိုး လျက်ရှိကြောင်း၊ မတ်လမှ ဩဂုတ်လအကြားတွင် ဈေးကွက် အတွင်းသို့ ဝင်ရောက်မည်ဖြစ်ပြီး အထွက်နှုန်းအမြင့်ဆုံးအချိန်မှာ မေလဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုအပါအဝင် ပြင်းထန်ရာသီဥတုများ၏ သက်ရောက်မှုကြောင့် ဒူးရင်းသီး အပွင့်နှုန်းကျဆင်းပြီး အပွင့်ကြွေကျမှုများဖြစ်ပွားခဲ့ပြီး အထူးတန်းဒူးရင်းသီးအမည်တွင် အထွက်နှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံထိ ရရှိရန် ခန့်မှန်းထားကြောင်း၊ ထိုင်းလတ်ဆတ်ဒူးရင်းသီး ဝယ်လိုအားမြင့်တက်နေသော်လည်း ယှဉ်ပြိုင်ရမည့်ဖိအားများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ကာစီကွန်သုတေသန စင်တာက ထုတ်ပြန်ထားချက်အရ သိရသည်။

ထိုင်းနိုင်ငံ၏ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ထိပ်တန်းပို့ကုန်သီးနှံတစ်မျိုးဖြစ်သည့် ဒူးရင်းသီး၏ အရည်အသွေးနှင့် ယှဉ်ပြိုင်စွမ်းအားကို ထိန်းထားနိုင်ရေးအတွက် ထိုင်းအစိုးရကစည်းမျဉ်းများ ချမှတ်ဆောင်ရွက် သွားမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။ Source: www.bangkok.com, (စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_230420240330

## ဂျာမန်ဝန်ကြီးချုပ် Scholz က တရုတ်ကားများကို လက်ခံကြိုဆိုသော်လည်း တရားမျှတသော ပြိုင်ဆိုင်မှုဖြစ်စေ လိုကြောင်း တိုက်တွန်းပြောဆို

တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz က တရုတ်နိုင်ငံထုတ်ကားများကို ဂျာမနီဈေးကွက်မှကြိုဆိုကြောင်း၊ သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ တရားမျှတမှု မရှိသော ကုန်သွယ်မှုအလေ့အကျင့်များ အသုံးပြုမှုကိုရှောင်ကြဉ်ရန် ၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် သတိ ပေးခဲ့သည်။

ဂျာမနီ၏စီးပွားရေးသည် ကားများမှအစပြု၍ ဓာတုပစ္စည်းများအထိ ထုတ်ကုန်များအပေါ် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် အကျိုးအမြတ်များရရှိနေချိန်တွင် ဂျာမန်ကုမ္ပဏီများအနေဖြင့် တရုတ်ဈေးကွက်တွင် ၎င်းတို့ ရင်ဆိုင်နေရသော တရားမျှတမှုမရှိသည့် အတားအဆီးများကြောင့် အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်ကာ ဆက်ဆံရေးအခြေအနေ တင်းမာနေခဲ့သည်။

ထိပ်တန်းအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တရုတ်နိုင်ငံတွင် သုံးရက်ကြာအလည်အပတ် ခရီးရောက်ရှိနေခဲ့သော ဂျာမန်ဝန်ကြီးချုပ် Scholz သည် ရှန်ဟိုင်းရှိ Tongji တက္ကသိုလ်တွင် မိန့်ခွန်းပြောခဲ့စဉ် အဆိုပါကိစ္စအား မှတ်ချက်ပြုခဲ့သည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့မှ ကားများ ဥရောပဈေးကွက်သို့ စတင်မိတ်ဆက်ဝင်ရောက်လာသည့်အခါ ဥရောပတွင် ယင်းကားများ နေရာယူလာနိုင်သဖြင့် တရုတ်နိုင်ငံအပါအဝင် အာရှဈေးကွက်သို့သာ ဂျာမန်ကားများ တစ်ဖက်သတ်တင်ပို့ပြီး၊ တရုတ်နိုင်ငံထုတ်ကားများ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တရုတ်တို့အနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေခဲ့ကြသည့်အပေါ် ဂျာမန်ဝန်ကြီးချုပ်က ယခုအချိန်တွင် ဂျာမနီ၌ ဂျပန်နိုင်ငံထုတ်ကားများရှိသကဲ့သို့ ဂျပန်တွင်လည်း ဂျာမန်ကားများရှိကြောင်း၊ တရုတ်နှင့် ဂျာမနီသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တစ်ချိန်ချိန်တွင် ဂျာမနီနှင့် ဥရောပတွင်လည်း တရုတ်နိုင်ငံထုတ်ကားများရှိလာမည်ဖြစ်ကြောင်း၊ အမြဲတမ်းလက်ခံထားရမည့်အချက်မှာ ယှဉ်ပြိုင်မှုသည် တရားမျှတမှုရှိရန်လိုအပ်ကြောင်း၊ တင်ပို့ရာ၌ အစုလိုက်အပုံလိုက် ပြီးစလွယ်တင်ပို့ခြင်းမျိုးမဖြစ်ရန်လိုကြောင်းနှင့် အလွန်အကျွံထုတ်လုပ်ခြင်းကို ရှောင်ကြဉ်၍ မူပိုင်ခွင့်ကို မချိုးဖောက်ရန်လိုကြောင်း ပြန်လည်မှတ်ချက်ပြုခဲ့သည်။

ဝန်ကြီးချုပ် Scholzက နိုင်ငံတိုင်းတွင် တူညီသော အခြေခံမူအချို့ရှိပြီးဖြစ်သဖြင့် ကမ္ဘာတစ်ဝန်း နိုင်ငံအလိုက် ၎င်းတို့ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေကြကြောင်း၊ အခြေခံမူများအနက် တစ်ချက်မှာ နိုင်ငံများအနေဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများကို ကြောက်ရွံ့နေရန် မလိုဟူ၍ဖြစ်ကြောင်း၊ ကိုယ့်ကြမ္မာကိုယ်သာ ဖန်တီးရမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မိမိတို့၏ အိမ်နီးချင်းသည် ကြီးမားသန်မာ၍ ခွန်အားတောင့်တင်းသောသူမျိုး ဖြစ်နေစေကာမူ မိမိအနေဖြင့် အမြဲတမ်းနှုတ်ဆက်နေပါက ၎င်းအနေဖြင့် မိမိအား မည်သည့်အခါတွင်မျှ ရန်မူလာမည်မဟုတ်သည်မှာ သေချာကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် ဆက်ဆံနေထိုင်ရမည့်ပုံစံကို အိမ်နီးချင်းနှင့်ဥပမာပေး၍ပြောကြားခဲ့သကဲ့သို့ အလားတူပင် နိုင်ငံအချင်းချင်းအကြားရှိ နယ်နိမိတ်များကိုလည်း အင်အားသုံး၍ ပြောင်းလဲဖယ်ရှားပစ်၍မရနိုင်ကြောင်း ဝန်ကြီးချုပ် Scholz က ရှန်ဟိုင်းတက္ကသိုလ်ကျောင်းသားများအား ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ် Scholzသည် ရှန်ဟိုင်းရှိ ဂျာမန်ပလတ်စတစ်ထုတ်လုပ်သည့် ကုမ္ပဏီ Covestro ၏ ဆန်းသစ်တီထွင်မှုစင်တာသို့လည်း သွားရောက်လည်ပတ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ ညနေပိုင်းတွင် ရှန်ဟိုင်းကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်သူ Mr. Chen Jining နှင့် ညနေစာအတူ စားသောက်ခဲ့သည်။

ဝန်ကြီးချုပ် Scholzသည် ၎င်း၏ သုံးရက်ကြာခရီးစဉ်အတွင်း ပထမရက်ကို နိုင်ငံ၏ အနောက်တောင်ပိုင်းရှိ Chongqing မြို့တွင် အဆုံးသတ်ခဲ့ပြီး၊ ဒုတိယရက် ၂၀၂၄ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် တရုတ်သမ္မတ Xi Jinping နှင့် ဝန်ကြီးချုပ် Li Qiang တို့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ပေကျင်းမြို့သို့ သွားရောက်ခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့် ၎င်းအစုအဖွဲ့ (bloc) မှ ထုတ်လုပ်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် တရုတ်နိုင်ငံမှ ပိုမိုဈေးသက်သာသော လျှပ်စစ်ကားများ အများအပြား တင်သွင်းနေခြင်းအပေါ် ဒဏ်ခတ်အခွန်စည်းကြပ်ရန် စီစဉ်နေချိန်တွင် ဝန်ကြီးချုပ် Scholz၏ ယခုခရီးစဉ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အမှုဆောင်အရာရှိချုပ်များစွာနှင့်အတူ ဂျာမန်ကား ထုတ်လုပ်သူများဖြစ်ကြသော Mercedes-Benz နဲ့ BMW လုပ်ငန်းရှင်များအပြင် ဓာတုဗေဒ ကုမ္ပဏီတစ်ခုဖြစ်သော BASF လည်း ပါဝင်ခဲ့ကြောင်းနှင့် ဥရောပ၏ အကြီးဆုံးကားထုတ်လုပ်သူ ဖြစ်သော Volkswagen မှာမူ ဝန်ကြီးချုပ်ခရီးစဉ်တွင် လိုက်ပါခြင်းမရှိကြောင်း သိရှိရသည်။

Source: https://www.dw.com/en/scholz-welcomes-chinese-cars-but-urges-fair-competition/a-68818516

(ဒေါ်သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်)

Source:https://myantrade.gov.mm/article/Naypyitawstp_230420240100

## ရုရှားအစိုးရက ခရမ်းချဉ်သီးတန်ချိန် ၁ သိန်းအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ခွင့်ပြုခဲ့

ရုရှားဖက်ဒရေးရှင်းအစိုးရသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ခရမ်းချဉ်သီးတန်ချိန် ၁၀၀,၀၀၀ အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့ကြောင်းသိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ခရမ်းချဉ်သီးထုတ်ကုန် ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ကြောင်း အစိုးရ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ၌ ပါဝင်သူများအား ကုန်ထုတ်လုပ်မှု ပမာဏများ ဖြန့်ဖြူးခြင်းဆိုင်ရာစည်းမျဉ်းများနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ရန်အတွက် လိုအပ်သောစာရွက် စာတမ်းများ ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများကို အတည်ပြုခဲ့သည်။ ရုရှားစိုက်ပျိုးရေး ဝန်ကြီးဌာနသည် အဆိုပါစာရွက်စာတမ်းများကို ထုတ်ပေးမည်ဖြစ်သည်။ ခရမ်းချဉ်သီးတင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားသည် ကုန်စည်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

ဥရောပအာရှစီးပွားရေးကော်မရှင်(EEC) ကုန်သွယ်ရေးဝန်ကြီး Mr. Andrei Slepnev က စားသုံးသူဝယ်လိုအား တိုးလာပြီး ဖန်လုံအိမ်ခရမ်းချဉ်သီးထုတ်လုပ်မှု သိသိသာသာတိုးလာရန်မဖြစ်နိုင်သောကြောင့် သွင်းကုန်ထောက်ပံ့မှုသည် ရေတို ဈေးကွက်ကို ဟန်ချက်ညီအောင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။

ရုရှားနိုင်ငံသည် နှစ်စဉ်ခရမ်းချဉ်သီးတန်ချိန် ၅ သိန်းခန့်တင်သွင်းလျက်ရှိပြီး အဓိကတင်သွင်းသောနိုင်ငံများမှာ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံ များဖြစ်သည်။ တရုတ်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများ၏ ရောင်းချမှုဈေးနှုန်းသည် ပြည်တွင်းထုတ်ကုန်များ၏ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

Source : https://www.interfax.ru/russia/953474, (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-12042024-12:12

## အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီ (Coconut Oil) တင်ပို့မှု သိသိသာသာလျော့ကျ

အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတင်ပို့မှု လျော့ကျခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၉၀၀,၀၀၀ ထိသာရှိနိုင်ကြောင်း နိုင်ငံတကာအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ပိုမိုခြောက်သွေ့သည့် ရာသီဥတုအခြေအနေသည် အုန်းသီးမှထုတ်လုပ်သည့်ပစ္စည်းများ အထွက်နှုန်းအားကျဆင်းစေခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အခြေစိုက် အမေရိကန် စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။

အုန်းသီးထွက်ရှိမှုနည်း၍ ရောင်းချနိုင်မှုကျဆင်းခဲ့ခြင်းကြောင့် အုန်းဆီထုတ်လုပ်မှုကျဆင်းခဲ့ကြောင်း၊ ထို့အတွက် ဖိလစ်ပိုင်နိုင်ငံ၏ အဓိကထုတ်ကုန်တင်ပို့သည့် ကုန်ပစ္စည်းတစ်ခုဖြစ်သည့် အုန်းဆီတင်ပို့မှုအား ကျဆင်းစေကြောင်း၊ ခန့်မှန်းတွက်ချက်မှုများအရ ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတင်ပို့မှုသည် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၄ သန်း တင်ပို့ခဲ့ရာမှ ၂၁ ရာခိုင်နှုန်းထိကျဆင်းနိုင်ပြီး မက်ထရစ်တန်ချိန် ၉၀၀,၀၀၀ ထိ ကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားသည်။

အစိုးရနှင့် အုန်းသီးကဏ္ဍ၏ ထုတ်ပြန်သည့် စာရင်းဇယားများအရ အုန်းသီးစိုက်ပျိုးထုတ်လုပ်နေသည့် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသ ၄၆ ခုခန့်သည် အယ်နီညိုရာသီဥတု၏သက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံတစ်ဝှမ်းရှိ ဒေသ ၁၀ ခုမှ အုန်းဆီ ထုတ်လုပ်သည့်စက်ရုံ ၆၂ ခု ထုတ်လုပ်နိုင်စွမ်းအား မက်ထရစ်တန် ၃ ဒသမ ၆၈၅ သန်းအပေါ် သက်ရောက်မှုများရှိခဲ့သည်။ ခြောက်သွေ့သည့် ရာသီဥတုအခြေအနေကြောင့် အုန်းစိုက်ပျိုးသည့်ဧရိယာများအား သက်ရောက်မှု ရှိစေခဲ့ပြီး အထွက်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြပါရှိသည်။

အီးယူမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းဥပဒေများ တင်းကြပ်လာမှုကြောင့်လည်း တင်ပို့မှုများကျဆင်းခဲ့ကြောင်း၊ ပြည်တွင်း အုန်းဆီစက်ရုံများမှာလည်း အီးယူသို့တင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်/စံညွှန်းများနှင့် အညီဖြစ်စေရေး ထုတ်လုပ်နေရခြင်းကြောင့် ကနဦးအခက်အခဲများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အီးယူ၏ လိုအပ်ချက်မှာ lower mineral oil saturated hydrocarbons (MOSH) နှင့် mineral oil aromatic hydrocarbons (MOAH) ရှိစေရန်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် အုန်းဆီ (coconut oil) ထုတ်လုပ်တင်ပို့သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။

Source; https://www.philstar.com/business/2024/04/10/2346489/el-nio-slash-coconut-oil-exports

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_100420240330

## အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကြမ်းတင်ပို့မှုတွင် ဥရောပနိုင်ငံများသို့ အများဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း(The Indonesia Palm Oil Association–GAPKI) က ထုတ်ပြန်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၏စားအုန်းဆီကြမ်းတင်ပို့မှုမှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ တန်ချိန် ၂ ဒသမ ၈၀၂ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တင်ပို့မှုထက် ၁၄ ဒသမ ၆၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း(The Indonesia Palm Oil Association–GAPKI) က သတင်းထုတ်ပြန်ခဲ့သည်။

GAPKI ၏အမှုဆောင်ဒါရိုက်တာဖြစ်သူ Mukti Sardjono က စားအုန်းဆီကြမ်းတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တန်ချိန် ၂ ဒသမ ၄၅၁ သန်းတင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ တန်ချိန် ၂ ဒသမ ၈၀၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၄ ဒသမ ၆၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဥရောပနိုင်ငံများသို့ အများဆုံး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၈၀,၀၀၀ တန်တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၆၈,၀၀၀ တန်တင်ပို့နိုင်ခဲ့ကြောင်း၊ ဒုတိယအများဆုံးတင်ပို့မှု အနေဖြင့် ပါကစ္စတန်နိုင်ငံသို့ တင်ပို့မှုဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၂၈၄,၀၀၀ တန်တင်ပို့နိုင်ခဲ့ကြောင်း၊ ထို့ပြင် အာဖရိက သို့တင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ၂၄၀,၀၀၀ တန်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၄၇,၀၀၀ တန်တိုးတက် တင်ပို့နိုင်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသို့ ၅၂၇,၀၀၀ တန်တင်ပို့နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

၎င်းက ကမ္ဘာ့အကြီးဆုံးဟင်းသီးဟင်းရွက်ဆီတင်သွင်းသည့်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုမှာ ဇန်နဝါရီလတွင် လျော့ကျခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသို့ စားအုန်းဆီကြမ်း တင်ပို့မှုမှာ ၅၆၉,၀၀၀ တန်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၇၅,၀၀၀ တန်သာ တင်ပို့နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်ပမာဏအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၂ ဘီလီယံအထိ ရောက်ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၄ ဘီလီယံအထိရရှိခဲ့ကြောင်း၊ ပို့ကုန်ပမာဏတန်ဖိုး တိုးတက်ခဲ့ခြင်းမှာ စားအုန်းဆီကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၄၄ ရရှိခဲ့ရာမှ ၉၅၈ ရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဇန်နဝါရီလ တွင် စားအုန်းဆီကြမ်း ကနဦး ၃၁၄,၆၀၀ တန်သိုလှောင်ထားရှိပြီး စားအုန်းဆီကြမ်းထုတ်လုပ်မှုမှာ ၄၆၃,၄၀၀ တန်၊ ပြည်တွင်း သုံးစွဲမှု ၁၉၄,၂၀၀ တန်၊ တင်ပို့မှု ၂၈၀,၂၀၀ တန်နှင့် ဇန်နဝါရီလကုန်တွင် သိုလှောင်ထားမှုမှာ ၃၀၄,၀၀၀ တန်ခန့် ရှိကြောင်း၊ စားအုန်းဆီကြမ်းထုတ်လုပ်မှုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထက် ၅ ဒသမ ၉၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သို့သော် ပြည်တွင်း စားသုံးမှုသည် ဒီဇင်ဘာလ နှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စားသုံးမှု ၁၉၉,၅၀၀ တန် ရှိခဲ့ရာမှ ဇန်နဝါရီလတွင် ၁၉၄,၂၀၀ တန်သာရှိခဲ့ကြောင်း၊ ပြည်တွင်းစားသုံးမှုကျဆင်းရာတွင် အစားအသောက်၊ oleochemical နှင့် ဇီဝဒီဇယ်တို့တွင် သုံးစွဲမှုကျဆင်းခဲ့ခြင်းဖြစ်ကြောင်း Mukti Sardjono က ပြောကြားခဲ့သည်။

ရင်းမြစ်။ အင်ဒိုနီးရှားဆီအုန်းအသင်း(The Indonesia Palm Oil Association–GAPKI)

(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: [https://myantrade.gov.mm/article/STP(Yangon)–12042024–12:28](https://myantrade.gov.mm/article/STP(Yangon)–12042024–12:28)

## ဂျာမနီ၏ ၂၀၂၄ ခုနှစ် ဂျီဒီပီ တိုးတက်မှု ခန့်မှန်းချက်ကို သုည ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးမြှင့်

ဂျာမန်အစိုးရသည် ၂၀၂၄ ခုနှစ်အတွက် ၎င်း၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို သုည ဒသမ၂ ရာခိုင် နှုန်းမှ သုည ဒသမ ၃ ရာခိုင်နှုန်းသို့ ပြန်လည်ပြင်ဆင်ခဲ့ကြောင်း စီးပွားရေးဝန်ကြီး Mr. Robert Habeck က ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုပြောကြားခဲ့သည်။

၎င်းတို့အနေဖြင့် မျှော်မှန်းချက်များကို သတ်မှတ်ထားသည်ထက် ကျော်လွန်စေရန် တိုးတက်မှုအနည်းငယ် ရှိလာသော အခြေအနေကို ကိုးကားချိန်ညှိ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် အစိုးရက ၎င်း၏ခန့်မှန်းချက်ကို ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၀ ဒသမ ၂ ရာခိုင်နှုန်းသို့ သိသိသာသာ လျှော့ချခဲ့သောကြောင့် ယခုကဲ့သို့ သုည ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်၍ ပြန်လည်ပြောင်းလဲမှုသည် လပေါင်းများစွာ စီးပွားရေး ရပ်တန့်သွားခဲ့ရာမှ သက်သာရာရမှု အနည်းငယ်ရှိလာစေမည့် အခြေအနေတစ်ခုကို ကိုယ်စားပြုခဲ့သည်။ ယင်းအချိန်က ဂျာမန် စီးပွားရေးလိုင်းထန်ခဲ့ကြောင်း၊ တိုင်းပြည်သည် စီးပွားရေး အကျပ်အတည်းများမှ မျှော်မှန်းထားသည်ထက် ပိုမိုနှေးကွေးစွာ ရုန်းထွက်လာခဲ့ရကြောင်းနှင့် ယခုအချိန်တွင်မူ ငွေကြေးဖောင်းပွမှုကို ပြန်လည်ကျဆင်းသွားစေမည့် စွမ်းအင်ဈေးနှုန်းများ ကျဆင်းလာမှုကြောင့် ထုတ်လုပ်မှု မြင့်တက်လာခဲ့ကြောင်း စီးပွားရေးဝန်ကြီး Mr. Habeck က ပြောကြားခဲ့သည်။

Mr. Habeck ၏ အဆိုအရ နိုင်ငံအတွင်း ဝယ်ယူသုံးစွဲနိုင်မှုစွမ်းအား တဖြည်းဖြည်းများပြားလာပြီး ပုဂ္ဂလိကသုံးစွဲမှုကို ပြန်လည်မြှင့်တင်ပေးနေကြောင်း သိရသည်။

ငွေကြေးဖောင်းပွမှု ကျဆင်းခြင်းသည် စားသုံးသူများ၏ ဝယ်လိုအားကို တိုးတက်များပြားလာစေပြီး၊ နိုင်ငံသားများ အနေဖြင့် ၎င်းတို့တွင် ငွေကြေးပေါ်များလာသည်နှင့်အမျှ သုံးစွဲမှုလည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်းနှင့် မကြာသေးမီ

ရက်သတ္တပတ်များအတွင်း စီးပွားရေးအတက်အကျ လက္ခဏာများ သိသိသာသာ မြင့်တက်လာကြောင်း Mr. Habeck က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

သို့ရာတွင် ပိုမိုမြင့်မားကောင်းမွန်သော တိုးတက်မှုနှုန်းများ ရရှိနိုင်ရေးအတွက်မူ ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများ ဆောင်ရွက်ရန်လိုအပ်လိမ့်မည်ဟု ၎င်းကမှတ်ချက်ချခဲ့သည်။

ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများဟုဆိုရာတွင် ဆန်းသစ်တီထွင်မှုအားကောင်းခြင်းနှင့် လူအများအလုပ်ပိုမိုကြိုးစား၍ ကြာရှည်လုပ်ကိုင်လိုစိတ်ရှိစေရေးအတွက် ကြီးမားသော မက်လုံးများပေး၍ မလိုအပ်သော ဗျူရိုကရေစီလမ်းစဉ်များကို လျှော့ချခြင်းတို့ပါဝင်ကြောင်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်လာရန်နှင့် ၂၀၂၅ ခုနှစ်တွင်မူ ငွေကြေးဖောင်းပွမှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားရန် မျှော်မှန်းထားသည်ဟု Mr. Habeck က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။ Source: https://www.dw.com/en/germany-raises-2024-gdp-growth-forecast-to-03/a-68909262, (ဒေါ်သန္တာစောစီးပွားရေးသံမှူး၊ ဘာလင်)

Source: https://myantrade.gov.mm/article/Naypyitawstp_250420241015

## စင်ကာပူ-နယ်သာလန်အကောက်ခွန်ဌာနများအကြား Container Track and Trace Service အတွက် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး

စင်ကာပူနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့၏ အကောက်ခွန်ဌာနများအကြား Container Track and Trace Service ကို တည်ထောင်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့က လက်မှတ်ရေး ထိုးခဲ့ပါသည်။ အဆိုပါ စာချွန်လွှာကို စင်ကာပူနိုင်ငံ၊ အကောက်ခွန်ဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Lim Teck Leong နှင့် နယ်သာလန်နိုင်ငံ၊ အကောက်ခွန်ဌာန၏ Chief Information Officer ဖြစ်သူ Mr. Frank Dijkstra တို့က လက်မှတ်ရေးထိုးခဲ့သည်။

နားလည်မှုစာချွန်လွှာအရ ဆိပ်ကမ်းလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များအပါအဝင် အချက်အလက်များစုစည်းခြင်းဖြင့် Container Track and Trace Service ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကောက်ခွန် ဆိုင်ရာစီမံခန့်ခွဲမှုများ၊ စင်ကာပူဆိပ်ကမ်းနှင့် Rotterdam ဆိပ်ကမ်းတို့အကြား ကုန်သေတ္တာဖြင့် သင်္ဘောတင်ပို့ခြင်းများအတွက် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များကို ပိုမိုနီးကပ်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံအကောက်ခွန်ဌာနများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ PSA Corporation Ltd၊ Rotterdam ဆိပ်ကမ်း၊ Portbase တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

Container Track and Trace Service သည် တင်ပို့သူနှင့် တင်သွင်းသူများအတွက် ကုန်စည်များ၏ သယ်ယူပို့ဆောင်မှုလမ်းကြောင်းနှင့်နေရာကို သိရှိနိုင်စေမည်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ခြင်း၊ ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲမှုများကို ပိုမိုကောင်းမွန်စေခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

"နားလည်မှုစာချွန်လွှာသည် နှစ်နိုင်ငံအကြား အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရေးအတွက် နှစ်နိုင်ငံအကောက်ခွန်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ပြီး မှုတ၍လုံခြုံမှုရှိစေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သည်များအကြား အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအားကောင်းစေရေး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" Mr. Lim က ပြောကြားခဲ့သည်။

Container Track and Trace Service ဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းမှာ စင်ကာပူနိုင်ငံအတွက် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ အကောက်ခွန်ဌာနနှင့် အလားတူနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါဝန်ဆောင်မှုသည် တရုတ်နိုင်ငံ Yangshan ဆိပ်ကမ်း၊ Qinzhou ဆိပ်ကမ်းနှင့် စင်ကာပူဆိပ်ကမ်းအကြား ကုန်စည်များကို သင်္ဘောဖြင့် သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေး နိုင်မည်ဖြစ်ပြီး ဆက်လက်၍ တရုတ်နိုင်ငံ၏ အခြားသောဆိပ်ကမ်းများနှင့်ပါ ချိတ်ဆက်သွားမည်ဖြစ်သည်။

ရင်းမြစ်။ Singapore Customs, (သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24042024_17:40

## ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ၆၃ ရာခိုင်နှုန်းကျော်မှ လစာ တိုးမြှင့်ပေးသွားမည်

ငွေကြေးဖောင်းပွမှုမြင့်တက်လျက်ရှိခြင်းနှင့် လုပ်သားရှားပါးမှုများကြုံတွေ့နေရသည့်အတွက် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ၆၃ ဒသမ ၁ ရာခိုင်နှုန်းမှ အခြေခံလစာတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ထားသည့်စစ်တမ်းအရ သိရသည်။

အဆိုပါသတင်းတွင် ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ၅၄ ဒသမ ၃ ရာခိုင်နှုန်းမှ လစာတိုးမြှင့်ပေးခဲ့ပြီး ယခုနှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လစာနှုန်းထား တိုးမြှင့်ပေးရန် ဆောင်ရွက်မှုများသည် လစာတိုးမြှင့်မှုနှုန်းကို ငွေကြေးဖောင်းပွမှုနှုန်း ထက်ကျော်လွန်စေခြင်းဖြင့် တည်ငြိမ်သော ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းထားနိုင်ရေး ဂျပန်ဗဟိုဘဏ်၏ ရည်မှန်းချက်ကိုလည်း အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း၊ သို့သော် အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ၏ လစာတိုးမြှင့်ပေးမှုနှုန်းမှာ အကြီးစားလုပ်ငန်းများ၏ လစာတိုးမြှင့်ပေးမှုနှုန်းဖြစ်သည့် ၈၁ ဒသမ ၁ ရာခိုင်နှုန်းထက် လျော့နည်းလျက်ရှိဆဲဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံရှိ လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းကျော်အလုပ်လုပ်ကိုင်လျက်ရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဂျပန်နိုင်ငံအတွက် အရေးပါလျက်ရှိကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ၂၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အကြီးစားလုပ်ငန်းများ၏ ၅၃ ဒသမ ၈ ရာခိုင်နှုန်းမှာ လစာနှုန်းထားကို ၅ ရာခိုင်နှုန်းနှင့်အထက် တိုးမြှင့်ပေးရန် သဘောတူညီခဲ့ကြကြောင်း၊ လုပ်ငန်းများ၏ ၅၀ ဒသမ ၂ ရာခိုင်နှုန်းမှာ တိုးမြှင့်လာသည့် လုပ်အားခနှုန်းများနှင့်အညီ ၎င်းတို့၏ ထုတ်ကုန်ဈေးနှုန်းများကို တိုးမြှင့်နိုင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။ နေထိုင်မှုကုန်ကျစရိတ်များ မြင့်တက်လာမှုကြောင့် လုပ်ငန်းကြီးများနည်းတူ လုပ်ငန်းငယ်များအနေဖြင့်လည်း လစာနှုန်းထား များတိုးမြှင့်ပေးနိုင်ရေး အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ စစ်တမ်းကိုဖြေဆိုခဲ့သည့် လုပ်ငန်းရှင်များ၏ ၈၆ ရာခိုင်နှုန်းက ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားကောင်းမွန်စေရေး၊ ပိုမိုကောင်းမွန်သောအကျိုးခံစားခွင့်များပေးနိုင်ရေးနှင့် ဝန်ထမ်းများ အလုပ်ထွက်မှု လျှော့ချနိုင်ရေးတို့အတွက် လစာနှုန်းထားတိုးမြှင့်ပေးရခြင်းဖြစ်ကြောင်း၊ ၆၇ ရာခိုင်နှုန်းက ငွေကြေးဖောင်းပွမှုမြင့်မားလျက်ရှိခြင်းကြောင့် လစာနှုန်းထားတိုးမြှင့်ပေးရခြင်းဖြစ်ကြောင်းနှင့် ၅၄ ဒသမ ၉ ရာခိုင်နှုန်းက နောက်ထပ်ဝန်ထမ်းအသစ်များ ဝင်ရောက်လာစေရေးအတွက်ဖြစ်သည်ဟုဖြေဆိုခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ လုပ်ငန်း ၁,၁၂၅ ခုကို မတ်လလယ်မှ ဧပြီလလယ် အထိ စစ်တမ်းကောက်ယူခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်း ၁၁၂၅ ခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ယန်း ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း)အောက်ရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၆၃၈ ခု ပါဝင်ကြောင်း ဖော်ပြထားသည်။

Source: The Mainichi (၂၂-၄-၂၀၂၄), (သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

https://myantrade.gov.mm/article/STP(Ygn)_24042024_20:15

## ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ကြံရည်ကို အမေရိကန်ပြည်ထောင်စုတွင် လူကြိုက်များလာ

ဗီယက်နမ်နိုင်ငံမှထုတ်လုပ်သည့်ကြံရည်ဘူး(Canned Sugarcane)များကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မိုင်ယာမီရှိ ဆူပါမတ်ကက်များတွင် စတင်မိတ်ဆက်ခဲ့ကြောင်း VietNam Plus အွန်လိုင်း သတင်းဖော်ပြချက်အရသိရသည်။

Lam Son Sugar Joint Stock Corporation (Lasuco) မှ ထုတ်လုပ်သည့် အဆိုပါထုတ်ကုန် Kanpe Red သည် US Food and Drug Administration (FDA)မှ သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသည့်အတွက် ဆူပါမတ်ကက်များတွင် ရရှိနိုင်ပြီဖြစ်ပြီး စားသုံးသူများအကြား ရေပန်းစားလျက်ရှိကြောင်း ဖော်ပြထားသည်။

Mega 4 ၏ Bottling Company မှ CEO ဖြစ်သူ Henri Chaumin က ၎င်းတို့ကုမ္ပဏီအနေဖြင့် အဆိုပါထုတ်ကုန်အား မိုင်ယာမီအပြင်အခြားသော US ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ၎င်းအချိုရည်သည် မကြာမီ ဈေးကွက်အခိုင်အမာ နေရာရရှိလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

US မှ ဗီယက်နမ်ကုန်သွယ်မှုအတိုင်ပင်ခံ Do Ngoc Hung က ကြံသည် ကြီးမားသော ပို့ကုန်အလားအလာရှိပြီး အထူးသဖြင့်ကြံထွက်ကုန်များသည် ရောဂါပိုးမွှားအန္တရာယ်အကဲဖြတ်မှုမခံရသောကြောင့် အဆိုပါကြံထွက်ကုန်များကို အမေရိကန်ဈေးကွက်သို့ အချိန်မရွေးတင်ပို့နိုင်ကြောင်းပြောကြားခဲ့သည်ဟုဖော်ပြထားသည်။

Source: Vietnam Plus, (စီးပွားရေးသံမှူးဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_290420241200

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်အုန်းသီးဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲပြုလုပ်

ပြည်ပပို့ကုန်အလားအလာရှိသောထုတ်ကုန် အုန်းသီးဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၂ ရက်နေ့၊ ၁ နာရီ ၃၀ မိနစ်အချိန်တွင် ရုံးအမှတ်-၃၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ (Virtual System)ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ တာဝန်ခံများစုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်း ဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၊ တာဝန်ခံက ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်အလားအလာရှိသော အမည်ပြဖြစ်သည့် အုန်းသီးပို့ကုန်ဈေးကွက်အလာအား ရှင်းလင်းတင်ပြခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်လာသူများမှ သိရှိလိုသည်များအားအထွေထွေဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို ၂ နာရီ ၄၅ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/article/Naypyitaw_12042024_1630

### အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အစည်းအဝေးကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ၂/၂၀၂၄ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော်၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန ၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ဒုတိယအဆင့်ဖြစ်သော ၂၀၂၀-၂၀၂၅ ကာလအတွက်ကဏ္ဍ ၁၈ ခုကို ထိရောက်စွာအကောင်အထည်ဖော်ရန် အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီက ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ကျစ်လျစ်စွာပြန်လည်ဖွဲ့စည်းရေး၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များအနက် လက်တွေ့လျင်မြန်စွာ အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းစဉ်များ (Quick Win) ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်ထားရှိပြီး အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်မည့်လုပ်ငန်းများက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို အချိန်တိုအတွင်း အထောက်အကူပြုနိုင်မည့် လုပ်ငန်းများဖြစ်ရန်လည်း လိုအပ်ကြောင်း၊ အထောက်အကူပြုကဏ္ဍများ၏ ပံ့ပိုးပေးနိုင်မှုများကလည်း ပို့ကုန်တင်ပို့မှုလွယ်ကူချောမွေ့စေရေးအတွက် လွန်စွာအရေးပါသည့်လုပ်ငန်းစဉ်များဖြစ်သဖြင့်ဟန်ချက်ညီစွာဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကော်မတီ တွဲဖက်အတွင်းရေးမှူး-၁ ဖြစ်သူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက်ကော်မတီများပြန်လည်ဖွဲ့စည်းမှုပိုင်းနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲမှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကဏ္ဍအလိုက်ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကော်မတီများ ပြန်လည်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းစီမံချက်များပြင်ဆင်ရေးဆွဲဆောင်ရွက်ထားမှုများ၊ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ ရွေးချယ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပို့ကုန်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/event/Nay%20Pyi%20Taw%20STP_10.4.2024%208:01%20PM

### လာမည့် မိုးနှင့်ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်အောင် အထူးအထွက်တိုးဇုန်များ သတ်မှတ်

လာမည့် မိုးနှင့်ဆောင်း ဆီထွက်သီးနှံများ ပိုမိုထွက်ရှိအောင်မြင်စေရန်အတွက် ဆီထွက်သီးနှံ အထူးအထွက်တိုးဇုန်များ သတ်မှတ်၍ ဇုန်တာဝန်ခံများ ခန့်အပ်ဆောင်ရွက်နေသည်။

ဧပြီလ ၃၀ ရက်တွင် ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေးမှ သိရခြင်းဖြစ်သည်။

ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ၂၀၂၄ – ၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက် သီးနှံများနှင့် ဝါသီးနှံအထူးဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၂၃ -၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ သုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးသည့်စနစ်ဖြင့် စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇုန်တာဝန်ခံများက လိုအပ်သည့် မျိုးစေ့၊ သွင်းအားစု၊ ထွန်ယက်ရေးနှင့် စိုက်ပျိုးရေ၊ နည်းပညာတို့ကို သီးနှံအတွက် လိုအပ်ချိန်တွင် ပံ့ပိုးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက်ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေးစသည့်လုပ်ငန်းများကို သက်ဆိုင်ရာအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပြောကြားခဲ့သည်။

ဇုန်ပြင်ပ စိုက်ကေများကိုလည်း စိုက်ကေ၊ အထွက်နှုန်းများ မကျဆင်းစေရေး၊ ကိန်းဂဏန်းနှင့် စာရင်းဇယား အချက်အလက်များကို အထူးအလေးထားတိတိကျကျမှတ်တမ်းတင်ရန်၊ ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် သွင်းအားစုလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ဒေသအလိုက် စိစစ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဝါသီးနှံကို ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းကို ဘဏ္ဍာနှစ်အလိုက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

Source: https://www.popularmyanmar.com/?p=157385

## ပြည်ပကုန်သွယ်မှုသတင်း

### ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါး တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါးတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်စ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၁၃၇ ဒသမ ၁၈၁ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၇၄ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၈၄၁ ဒသမ ၆၇၃ တန် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၄ ဒသမ ၄၄၅ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှု စုစုပေါင်း မက်ထရစ်တန် ၉၉၇၈ ဒသမ ၈၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁၈၅ သန်း ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင်နယ်စပ်မှလည်း တိုက်ရိုက်တင်ပို့လျက်ရှိ ကြောင်းသိရသည်။

Source: https://www.myawady.net.mm

Source: https://myantrade.gov.mm/article/naypyitaw_12042024_1250

### လာမည့်မေလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် (၅၂) စင်းဝင်ရောက်ဆိုက်ကပ်ရန်ရှိ

ပြည်တွင်းသို့ လာမည့်မေလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၅၂ စင်းဝင်ရောက် ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ယခုနှစ်၏ (၄)လတာ ကာလအတွင်း ပြည်တွင်းသို့ နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၂၀၇ စင်းဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး မေလတွင် ၅၂ စင်းဝင်ရောက်ဆိုက်ကပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန်ဝင်ရောက် ဆိုက်ကပ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာ သင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၄၇ စင်းဝင်ရောက်ခဲ့သည်။

ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက်လည်းကောင်း၊ ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးမှခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်း သိရသည်။ Source: https://www.popularmyanmar.com/?p=157244

## အထူးဆောင်းပါးများ

### ကော်ဖီ၊ ဆန်နှင့် သစ်သီးဝလံများ တိုးမြှင့်တင်ပို့ခဲ့မှုကြောင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာကုန်သွယ်မှု ပိုငွေသည် ပထမ ၃ လပတ်အတွင်း နှစ်ဆနီးပါး မြင့်တက်လာခဲ့

ကော်ဖီ၊ ဆန်နှင့်သစ်သီးဝလံများကဲ့သို့ အဓိကထုတ်ကုန်များတိုးမြှင့်တင်ပို့နိုင်ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ သစ်တောထွက်နှင့် ရေထွက်လုပ်ငန်းကဏ္ဍများတွင် ယမန်နှစ်အလားတူ ကာလထက် နှစ်ဆနီးပါး ကုန်သွယ်မှုပိုငွေ ရရှိခဲ့သည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန်တင်ပို့မှု စုစုပေါင်းမှာ ဒေါ်လာ ၁၃ ဒသမ ၅၃ ဘီလီယံရှိပြီး ယမန်နှစ်အလားတူကာလထက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းတိုးမြှင့်လာကာ တင်သွင်းမှုတွင် ဒေါ်လာ ၁၀ ဒသမ ၁၈ ဘီလီယံရှိသဖြင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၃ ဒသမ ၃၆ ဘီလီယံရှိခဲ့ ကြောင်း၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန နောက်ဆုံးစာရင်းကိန်းဂဏန်းများ ဖော်ပြချက်များအရ သိရသည်။

ပို့ကုန်တန်ဖိုးဒေါ်လာ တစ်ဘီလီယံကျော်သည့် အဓိကပို့ကုန်လေးခုမှာ သစ် ဒေါ်လာ ၂ ဒသမ ၃၂ ဘီလီယံ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ဒေါ်လာ ၁ ဒသမ၂၃ ဘီလီယံ ၊ ဆန် ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံ နှင့် ကော်ဖီ ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတို့ဖြစ်သည်။ အဓိက လယ်ယာထွက်ကုန်များ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်း များတက်လာ ပြီး ဆန်တစ်တန်လျှင် ၆၆၁ ဒေါ်လာ၊ ၅ ရာခိုင်နှုန်း၊ ကော်ဖီတစ်တန်လျှင် ၂၃၇၃ ဒေါ်လာ၊ ၆ ဒသမ ၈ ရာခိုင်နှုန်း၊ ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၁၄၆၂၊ ၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် ငရုတ်ကောင်းတစ်တန်လျှင် ဒေါ်လာ ၄ ဒသမ ၁၅၃၊ ၃၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ခဲ့သည်။

သို့သော်ကုန်စည်အချို့မှာ ပို့ကုန်ဈေးနှုန်းကျဆင်းခဲ့ပြီး သီဟိုဠ်စေ့တစ်တန်လျှင် ဒေါ်လာ ၅၃၂၉၊ ၈ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ဖက်ခြောက်တစ်တန်လျှင် ၁၆၁၆ ဒေါ်လာ၊ ၂ ဒသမ ၂ ရာခိုင်နှုန်း နှင့် ခတ်မြေသြဇာ တစ်တန်လျှင် ဒေါ်လာ ၄၁၂၊ ၉ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့သည်။

ဗီယက်နမ်ပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၂၀ ဒသမ ၂ ရာခိုင်နှုန်းတင်ပို့ရသည့် တရုတ်နိုင်ငံသည် အဓိကပို့ကုန်ဈေးကွက်ဖြစ်ပြီး တင်ပို့မှုသည် ၁၈ ဒသမ ၃ ရာခိုင်နှုန်းထပ်မံတိုးမြှင့်လာနိုင်ကြောင်း၊ ၎င်းနောက်တွင် ၁၉ ဒသမ ၉ ရာခိုင်နှုန်းတင်ပို့ရသည့် အမေရိကန်က ဒုတိယနှင့်တင်ပို့မှုသည် ၂၈ ဒသမ ၃ ရာခိုင်နှုန်း ထပ်မံတိုးတက်နိုင်ကြောင်း၊ ဂျပန်နိုင်ငံသည် နိုင်ငံ့ပို့ကုန်တန်ဖိုး၏ ၇ ရာခိုင်နှုန်းတင်ပို့ရပြီး၊ တင်ပို့မှု ၄ ဒသမ ၆ ရာခိုင်နှုန်း ထပ်မံတိုးတက်နိုင်ကြောင်း တွေ့ရသည်။

**ကော်ဖီတင်ပို့မှု တစ်ရှိန်ထိုး တိုးတက်လာခြင်း**

ကော်ဖီသည် ယခုနှစ်ပထမသုံးလပတ်တွင် တိုးတက်မှုအားအကောင်းဆုံးသော ထုတ်ကုန်ဖြစ်သည်။ ပထမသုံးလပတ်တွင် ကော်ဖီ တန်ချိန် ၇၉၉,၀၀၀၊ တန်ဖိုးဒေါ်လာ ၁ ဒသမ ၉ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ကာလတူထက်ပမာဏတွင် ၄၄ ဒသမ ၄၅ ရာခိုင်နှုန်းနှင့်တန်ဖိုးတွင် ၅၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာကာ စံချိန်သစ်တင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရိုဘက်စတာနှင့် အာရေဗီးကားကော်ဖီတင်ပို့မှုကို တိုးမြှင့်ခဲ့ပြီး အိပ်စ်ဆယ်ဆာကော်ဖီတင်ပို့မှုကို လျှော့ချခဲ့သည်။ ဗီယက်နမ်ကော်ဖီကို အီတလီ၊ စပိန်၊ ရုရှား၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အများအပြားသို့ တင်ပို့လျက်ရှိသည်။

ကော်ဖီသည် သစ်အချောထည်ပြီးလျှင် ဒုတိယမြောက် အများဆုံးတင်ပို့ရသည့် လယ်ယာထွက်ကုန်ဖြစ် ပြီး ယခုနှစ်တွင် ကော်ဖီတင်ပို့မှုသည် ဒေါ်လာ ၅ ဘီလီယံမှ ၅ ဒသမ ၅ ဘီလီယံအထိ စံချိန်သစ်တင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

**ဆန်တင်ပို့မှုသည်လည်း စိတ်ဝင်စားဖွယ် တိုးတက်လာခဲ့**

ပြီးခဲ့သည့်နှစ်ကထက် ၁၂ ရာခိုင်နှုန်းတိုးတက်တင်ပို့ခဲ့သည့် ဆန်ပို့ကုန်ပမာဏ တန် ၂ ဒသမ ၀၇ သန်း နှင့် ၄၀ ရာခိုင်နှုန်းတိုးမြှင့်ပြီး ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံရရှိခဲ့သည့် ဗီယက်နမ်သည် ကမ္ဘာ့ဆန် အများဆုံးတင်ပို့သည့်နိုင်ငံ ၃ နိုင်ငံတွင်ပါဝင်ကာ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းထိ တင်ပို့သောနိုင်ငံဖြစ်သည်။ ဆန်တင်ပို့မှုပိတ်ပင်ထားသော နိုင်ငံအချို့၊ ရုရှားနိုင်ငံ၏ ပင်လယ်နက် ဆန်စပါးကောက်ပဲသီးနှံ အစီအစဉ်မှ

နုတ်ထွက်ခြင်းနှင့်ရာသီဥတုဖောက်ပြန်မှုအခြေအနေများကြောင့် အထွက်နှုန်းကျဆင်းခဲ့မှုများသည် ကမ္ဘာ့ဆန်တင်ပို့မှုဈေးကွက်ကို သိသိသာသာထိခိုက်စေခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုတားမြစ်ခြင်းနှင့်အတူ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ဝယ်လိုအားတိုးလာခြင်းသည် ဗီယက်နမ်နိုင်ငံဆန်တင်ပို့မှုအတွက် အခွင့်အလမ်းများဖန်တီးပေးနေကြောင်း ဝန်ကြီးဌာနကထောက်ပြခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ ဆန်အများဆုံးတင်ပို့သည့် ဈေးကွက်ဖြစ်ပြီး ဆန်တင်ပို့မှု စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းတင်ပို့လျက်ရှိကာ ၎င်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ အများဆုံးတင်ပို့သည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ပထမသုံးလပတ်တွင် ၂၅ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ပြီး ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံရရှိခဲ့သည်။ ယခုနှစ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ဒေါ်လာ ၆ ဘီလီယံ မှ ၆ ဒသမ ၅ ဘီလီယံအထိ စံချိန်သစ်တင်ပို့နိုင်မည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ လယ်ယာထွက်ကုန်များအတွက် ကြီးမားသောဈေးကွက်တစ်ခု ဖြစ်ပြီး ဆေးဖက်ဝင်အပင်များ၊ အုန်းသီး၊ အေးခဲထားသော သစ်သီးများနှင့် ဖရဲသီးများတို့ကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအတွက် လယ်ယာပို့ကုန်မြှင့်တင်ရန် ကြီးမားသောအခွင့်အလမ်းများ ကျန်ရှိနေသေးပြီး လက်ရှိတွင် ကမ္ဘာ့ပို့ကုန်တင်ပို့မှု တန်ဖိုး၏ ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသာရှိကြောင်း ဗီယက်နမ်နိုင်ငံဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

Source: https://vietnamnews.vn/

Source: https://myantrade.gov.mm/article/naypyitaw_11042024_1120

## ဗီယက်နမ်နိုင်ငံ၏ပုစွန်တင်ပို့မှု ကမ္ဘာ့ဈေးကွက်တွင်အားကောင်းလာ

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ပုစွန်တင်ပို့မှု အားနည်းချက် ကို ဖော်ထုတ်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ၏ ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံ ပုစွန်လုပ်ငန်းသည် အဓိကဈေးကွက်များသို့ တင်ပို့မှုတိုးတက်လာခဲ့သည်။ ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ ပုစွန်တင်ပို့မှုသည် ဇန်နဝါရီလမှမတ်လ အတွင်း အမေရိကန်ဒေါ်လာသန်း ၆၂၀ ခန့်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၄ ရာခိုင်နှုန်းမြင့်လာခဲ့သည်။ အမေရိကန် နိုင်ငံနှင့်တရုတ်ဈေးကွက်များသို့ တင်ပို့ ရောင်းချမှုမှ ဝင်ငွေသည် ၂၆ ရာခိုင်နှုန်းနှင့် ၁၄၀ ရာခိုင်နှုန်း အသီးသီး တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

တရုတ်ဈေးကွက်နှင့်ပတ်သက်၍ ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများအသင်း (VASP) မှ Kim Thu က တရုတ်နိုင်ငံသည် ၎င်းတို့ထံသို့ တင်သွင်းမှုအများဆုံးဖြစ်သော အီကွေဒေါနိုင်ငံမှ ပုစွန်တင်သွင်းမှုကို လျှော့ချခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ပုစွန် တင်သွင်းမှုကို တိုးမြှင့်ခဲ့ကြောင်းပြောကြားခဲ့သည်။ အဆိုပါဈေးကွက်တွင် ဗီယက်နမ်နိုင်ငံသည် ပြိုင်ဘက်ရောင်းချသူများဖြစ်သော အီကွေဒေါ၊ အိန္ဒိယတို့နှင့်ဈေးနှုန်းချင်းယှဉ်ပြိုင်ရသော်လည်း တရုတ်ဝယ်လက်အများအပြားက ဗီယက်နမ်ပုစွန်များကိုသာ အရည်အသွေးမြင့်သည်ဟုယူဆထားသည်။

ပုစွန်လုပ်ငန်းကျွမ်းကျင်သူများ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံအနေဖြင့်လည်း ဈေးကွက်အတွင်း ပင်လယ်စာရောင်းချမှုမှာ ငွေကြေးဖောင်းပွမှုနှင့် ပြည်သူများသုံးစွဲမှုတင်းကြပ်ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် တည်ငြိမ်မည်ဟုခန့်မှန်းထားကြောင်းသိရသည်။ အိန္ဒိယ၊ အီကွေဒေါ၊ တရုတ်နှင့် အမေရိကန်တို့၏ အဓိကပုစွန်ရောင်းချသူတချို့နှင့်နှိုင်းယှဉ်ပါက အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့် အမေရိကန်နိုင်ငံကြား သံတမန်ဆက်ဆံရေး ကောင်းမွန်လာချိန်တွင် ဗီယက်နမ်နိုင်ငံသည် ပိုမိုအလား အလာကောင်းသည်ဟုယူဆသည်။

VASEP ၏ ကိုယ်စားလှယ်တစ်ဦး၏အဆိုအရ တန်ဖိုးထပ်တိုးပြုပြင်ထားသော ပုစွန်ကုန်သည်များသည် နှစ်စဉ် ပုစွန်တင်ပို့မှုစုစုပေါင်းတန်ဖိုး၏ ၄၀-၄၅ ရာခိုင်နှုန်းအထိရှိသည်။ ဗီယက်နမ်ပုစွန်လုပ်ငန်း၏ စီမံဆောင်ရွက်မှုအဆင့်သည် ကမ္ဘာပေါ်တွင် မြင့်မားသောအဆင့်တွင်ရှိပြီး ယင်းသည် ဂျပန်ဈေးကွက်ရှိ ဗီယက်နမ်ပုစွန်များ၏ ယှဉ်ပြိုင်မှုအားသာချက်တစ်ခု ဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း အခြားနိုင်ငံများမှာ ပြိုင်ဆိုင်မှုပြင်းထန်နေဆဲဖြစ်သောကြောင့် ယင်းကဏ္ဍကို ဆက်လက် ကြိုးပမ်းရန် အကြံပြုထားသည်။

VASEP ဥက္ကဋ္ဌဟောင်း Ho Quoc Luc ၏အဆိုအရ ဗီယက်နမ်ပုစွန်ထွက်ကုန်များသည် အရည်အသွေးကောင်းမွန်သော်လည်း ဈေးနှုန်းများမှာ မြင့်မားနေသေးလျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးထိန်းသိမ်းရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရန် အကြံပြုထားကြောင်းသိရသည်။

**Source: https://www.doca.gov.mm**

Source: https://myantrade.gov.mm/article/naypyitaw_05042024_1009

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၄၊ ဧပြီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | သဘာဝဓာတ်ငွေ့ | kg | 25,675,849.010 | 236.759 | | 1 | ရေနံထွက်ပစ္စည်းများ | 414.426 |
| 2 | ချုပ်ပြီးအထည် | ခုရေ | 36,276,324.326 | 184.327 | | 2 | ချည်ထည်များ | 112.509 |
| 3 | မတ်ပဲ | မတန် | 95,079.295 | 91.468 | | 3 | စားအုန်းဆီ | 43.238 |
| 4 | ပြောင်း | မတန် | 392,020.931 | 88.285 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 36.215 |
| 5 | ပဲတီစိမ်း | မတန် | 66,648.716 | 43.817 | | 5 | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ | 29.611 |
| 6 | ပဲစင်းငုံ | မတန် | 29,769.000 | 32.404 | | 6 | စက်နှင့်စက်ပစ္စည်းများ | 28.043 |
| 7 | ရော်ဘာစိမ်း | မတန် | 20,065.840 | 27.808 | | 7 | ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 26.643 |
| 8 | ငါး | မတန် | 25,982.309 | 26.613 | | 8 | ဆေးဝါးပစ္စည်းများ | 25.879 |
| 9 | ဆန်ကွဲ | မတန် | 42,485.000 | 18.639 | | 9 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 22.235 |
| 10 | ဆန် | မတန် | 30,884.687 | 18.381 | | 10 | ဓာတ်မြေဩဇာများ | 20.445 |

Source: tradedata

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၆.၄.၂၀၂၄) ထိ | ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ ၂၆.၄.၂၀၂၄) ထိ | တိုး/ လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁.၄.၂၀၂၄မှ၂၆.၄.၂၀၂၄) ထိ | ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် (၁.၄.၂၀၂၄ မှ၂၆.၄.၂၀၂၄) ထိ | တိုး/ လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 349.663 | 212.769 | 136.894 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 140.138 | 197.918 | -57.780 |
| ၂ | တိရစ္ဆာန်ထွက် | 0.332 | 0.292 | 0.040 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 445.093 | 557.059 | -111.966 |
| ၃ | ရေထွက် | 44.475 | 22.641 | 21.834 | | ၃ | လူသုံးကုန်ပစ္စည်း | 109.473 | 161.014 | -51.541 |
| ၄ | သတ္တုတွင်းထွက် | 9.322 | 9.405 | -0.083 | | ၄ | CMP | 174.920 | 177.867 | -2.947 |
| ၅ | သစ်တောထွက် | 4.019 | 4.088 | -0.069 | | | | | | |
| ၆ | စက်မှုကုန်ချော | 457.118 | 452.747 | 4.371 | | | | | | |
| ၇ | အခြား | 22.593 | 42.712 | -20.119 | | | | | | |
| | စုစုပေါင်း | 887.522 | 744.654 | 142.868 | | | စုစုပေါင်း | 869.624 | 1093.858 | -224.234 |

Source: commerce

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၄၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃၀.၄.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 125000-130000 |
| မြောင်းမြ | 79000-80000 | 125000-130000 |
| ဒေးဒရဲ | 79000-80000 | 120000-125000 |
| ဝါးခယ်မ | 79000-80000 | 110000-120000 |
| ဘိုကလေး | 79000-80000 | 120000-125000 |
| မော်လမြိုင်ကျွန်း | 79000-80000 | 120000-125000 |
| လပွတ္တာ | - | 120000-125000 |
| ကျိုက်လတ် | 79000-80000 | 120000-125000 |
| ဘုရင့်နောင် | 79000-80000 | 145000-150000 (ရွှေဘို) |

Source: MRF

## ၂၀၂၄၊ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 1.4.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 2 | 8.4.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 3 | 22.4.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 4 | 29.4.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |

Source: MRPPA

## ၂၀၂၄၊ ဧပြီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 2 | 2.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 3 | 3.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 4 | 4.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 5 | 5.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 6 | 8.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 7 | 9.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 8 | 10.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 9 | 11.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 10 | 12.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 78000 | 77000 | 76000 | 72000 | 71000 | 70000 |
| 11 | 22.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 79000 | 78000 | 77000 | 73000 | 72000 | 71000 |
| 12 | 23.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 79000 | 78000 | 77000 | 73000 | 72000 | 71000 |
| 13 | 24.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 79000 | 78000 | 77000 | 73000 | 72000 | 71000 |
| 14 | 25.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 79000 | 78000 | 77000 | 73000 | 72000 | 71000 |
| 15 | 26.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 79000 | 78000 | 77000 | 73000 | 72000 | 71000 |
| 16 | 29.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 80000 | 79000 | 78000 | 73000 | 72000 | 71000 |
| 17 | 30.4.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 80000 | 79000 | 78000 | 73000 | 72000 | 71000 |

**Source: Myanmar Rice**

## ၂၀၂၄၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.4.2024 | - | - | - | - | - | - |
| 2 | 2.4.2024 | 2100.0 | 57.314 | 290.23 | 1553.4 | 25.189 | 1384.9 |
| 3 | 3.4.2024 | 2100.0 | 57.205 | 290.23 | 1552.8 | 25.169 | 1384.3 |
| 4 | 4.4.2024 | 2100.0 | 57.221 | 290.31 | 1558.9 | 25.164 | 1384.1 |
| 5 | 5.4.2024 | 2100.0 | 57.158 | 290.31 | 1557.1 | 25.193 | 1388.2 |
| 6 | 8.4.2024 | 2100.0 | 57.229 | 290.29 | 1556.5 | 25.202 | 1382.5 |
| 7 | 9.4.2024 | 2100.0 | 57.637 | 290.30 | 1558.4 | 25.237 | 1382.6 |
| 8 | 10.4.2024 | 2100.0 | 57.796 | 290.33 | 1561.7 | 25.249 | 1382.9 |
| 9 | 11.4.2024 | 2100.0 | 57.322 | 290.18 | 1551.4 | 25.185 | 1370.5 |
| 10 | 12.4.2024 | 2100.0 | 57.645 | 290.20 | 1549.5 | 25.181 | 1370.3 |
| 11 | 22.4.2024 | 2100.0 | 56.726 | 289.92 | 1541.9 | 25.192 | 1357.9 |
| 12 | 23.4.2024 | 2100.0 | 56.726 | 289.82 | 1541.8 | 25.217 | 1356.2 |
| 13 | 24.4.2024 | 2100.0 | 56.810 | 289.83 | 1543.4 | 25.208 | 1355.8 |
| 14 | 25.4.2024 | 2100.0 | 56.726 | 289.77 | 1544.9 | 25.195 | 1349.1 |
| 15 | 26.4.2024 | 2100.0 | 56.857 | 289.84 | 1544.7 | 25.201 | 1344.6 |
| 16 | 29.4.2024 | 2100.0 | 56.634 | 289.79 | 1544.1 | 25.169 | 1350.4 |
| 17 | 30.4.2024 | 2100.0 | 56.680 | 289.89 | 1542.5 | 25.143 | 1338.6 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 1.4.2024 | 3040000 | 3800000 | 1733100-1990300 | 2345500 | 2602700-2703700 | 3300800 |
| 2 | 2.4.2024 | 3082000 | 3900000 | 1733100-1990300 | 2345500 | 2602700-2903700 | 3300800 |
| 3 | 3.4.2024 | 3072000 | 3837000 | 1733100-1990300 | 2345500 | 2550600-2651600 | 3300800 |
| 4 | 4.4.2024 | 3110000 | 3880000 | 1733100-1990300 | 2345500 | 2550600-2651600 | 3300800 |
| 5 | 5.4.2024 | 3112000 | 3920000 | 1733100-1990300 | 2345500 | 2550600-2651600 | 3300800 |
| 6 | 8.4.2024 | 3151000 | 3955000 | 1733100-1990300 | 2345500 | 2550600-2651600 | 3300800 |
| 7 | 9.4.2024 | 3141000 | 3976000 | 1733100-1990300 | 2345500 | 2602700-2703700 | 3300800 |
| 8 | 10.4.2024 | 3174000 | 4025000 | 1733100-1990300 | 2345500 | 2602700-2703700 | 3300800 |
| 9 | 11.4.2024 | 3226000 | 4125000 | 1733100-1990300 | 2345500 | 2602700-2703700 | 3300800 |
| 10 | 12.4.2024 | 3275000 | 4147000 | 1733100-1990300 | 2345500 | 2602700-2703700 | 3300800 |
| 11 | 22.4.2024 | 3200000 | 4150000 | 1733100-1990300 | 2345500 | 2651600-2755800 | 3193600 |
| 12 | 23.4.2024 | 3207000 | 4170000 | 1733100-1990300 | 2345500 | 2651600-2755800 | 3193600 |
| 13 | 24.4.2024 | 3193000 | 4172000 | 1733100-1990300 | 2345500 | 2651600-2755800 | 3193600 |
| 14 | 25.4.2024 | 3193000 | 4130000 | 1733100-1990300 | 2345500 | 2651600-2755800 | 3193600 |
| 15 | 26.4.2024 | 3185000 | 4130000 | 1733100-1990300 | 2345500 | 2651600-2755800 | 3193600 |
| 16 | 29.4.2024 | 3156000 | 4075000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |
| 17 | 30.4.2024 | 3135000 | 4040000 | 1733100-1990300 | 2345500 | 2651600-2755800 | 3141600 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.4.2024 | 3141600-3251800 | 1959600-2042300 | 1916800-2042300 | 1886200-1910700 | 636900-649100 |
| 2 | 2.4.2024 | 3141600-3251800 | 1959600-2042300 | 1990300-2042300 | 1886200-1910700 | 636900-649100 |
| 3 | 3.4.2024 | 3248700-3469200 | 1959600-2042300 | 1990300-2063800 | 1886200-1910700 | 636900-649100 |
| 4 | 4.4.2024 | 3248700-3469200 | 1959600-2042300 | 1990300-2063800 | 1886200-1910700 | 636900-649100 |
| 5 | 5.4.2024 | 3248700-3469200 | 1959600-2042300 | 1990300-2094400 | 1886200-1910700 | 636900-649100 |
| 6 | 8.4.2024 | 3248700-3469200 | 1959600-2042300 | 2039300-2143400 | 1886200-1910700 | 636900-649100 |
| 7 | 9.4.2024 | 3248700-3469200 | 1959600-2042300 | 2039300-2143400 | 1886200-1910700 | 636900-649100 |
| 8 | 10.4.2024 | 3248700-3469200 | 1959600-2042300 | 2039300-2143400 | 1886200-1910700 | 636900-649100 |
| 9 | 11.4.2024 | 3248700-3469200 | 1959600-2042300 | 2039300-2143400 | 1886200-1910700 | 636900-649100 |
| 10 | 12.4.2024 | 3248700-3469200 | 1959600-2042300 | 2039300-2143400 | 1886200-1910700 | 636900-649100 |
| 11 | 22.4.2024 | 3248700-3469200 | 1959600-2042300 | 2091300-2143400 | 1886200-1910700 | 636900-649100 |
| 12 | 23.4.2024 | 3248700-3469200 | 1959600-2042300 | 2091300-2143400 | 1886200-1910700 | 636900-649100 |
| 13 | 24.4.2024 | 3248700-3469200 | 1990300-2094400 | 2091300-2143400 | 1907600-1941300 | 636900-649100 |
| 14 | 25.4.2024 | 3248700-3469200 | 1990300-2094400 | 2091300-2143400 | 1907600-1941300 | 636900-649100 |
| 15 | 26.4.2024 | 3248700-3469200 | 1990300-2094400 | 2091300-2143400 | 1907600-1941300 | 636900-649100 |
| 16 | 29.4.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 649100-661400 |
| 17 | 30.4.2024 | 3359000-3469200 | 1990300-2094400 | 2091300-2195400 | 1907600-1941300 | 649100-661400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.4.2024<br>to<br>5.4.2024 | 8.4.2024<br>to<br>12.4 .2024 | 22.4.2024<br>to<br>26.4.2024 | 29.4 .2024<br>to<br>30.4.2024 |
|---|---|---|---|---|---|
| မတ်ပဲ (2023–24 Crop) | FAQ | 970–990 | 1000–1020 | 1005–1025 | 985–1005 |
| | SQ | 1060–1080 | 1090–1110 | 1095–1115 | 1075–1095 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1030–1080 | 1060–1110 | 1065–1115 | 1045–1095 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1130–1180 | 1160–1210 | 1165–1215 | 1145–1195 |
| | အခွံပါအခြမ်း | 1030–1080 | 1060–1110 | 1065–1115 | 1045–1095 |
| ပဲတီစိမ်း (2023–24 Crop) | FAQ (အညာ) | 660–690 | 660–690 | 660–690 | 660–690 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 790–820 | 790–820 | 790–820 | 790–820 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 760–750 | 760–750 | 760–750 | 760–750 |
| | ရွှေဝါအသေး (Under 3.5 mm) | 720–750 | 720–750 | 720–750 | 720–750 |
| ပဲတီစိမ်း (2023 –24 Crop) | FAQ ပဲနောက် | 620–640 | 620–640 | 620–640 | 620–640 |
| | SQ ပဲနောက် | 680–700 | 680–700 | 710–730 | 710–730 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 940–990 | 940–990 | 940–990 | 940–990 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 690–715 | 690–715 | 690–715 | 690–715 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 665–715 | 665–715 | 665–715 | 665–715 |
| ပဲစင်းငုံ(2023 –24 Crop) | အနီ | 1190–1210 | 1260–1280 | 1280–1300 | 1280–1300 |
| ပဲစင်းငုံ (2023–24 Crop) | အဖြူ(စစ်ကိုင်း) | 1150–1170 | 1220–1240 | 1240–1260 | 1240–1260 |
| | အခွံချွတ်အခြမ်း | 1475–1500 | 1555–1580 | 1580–1605 | 1580–1605 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 825–850 | 850–875 | 850–875 | 870–895 |
| | အခွံချွတ်အခြမ်း | 1140–1165 | 1165–1190 | 1165–1190 | 1185–1210 |
| ပဲလွန်းဖြူ | FAQ | 640–660 | 640–660 | 670–690 | 670–690 |
| | SQ | 700–725 | 700–725 | 740–765 | 743–765 |
| | အခွံချွတ်အခြမ်း | 780–830 | 780–830 | 805–855 | 805–855 |
| ပဲလွန်းနီ | FAQ | 700–750 | 700–750 | 660–710 | 660–710 |
| ပဲထောပတ် | FAQ | 1060–1090 | 1060–1090 | 1060–1090 | 1075–1105 |
| | အခွံချွတ်အခြမ်း | 1190–1215 | 1190–1215 | 1195–1220 | 1210–1235 |
| ပြောင်းဆန် | | 220–240 | 220–240 | 220–240 | 225–245 |
| နှမ်းဖြူ | | 1630–1680 | 1630–1680 | 1630–1680 | 1630–1680 |
| နှမ်းနက်(စမုန်) | | 1650–1700 | 1650–1700 | 1650–1700 | 1650–1700 |
| နှမ်းညို | | 1370–1420 | 1370–1420 | 1370–1420 | 1370–1420 |
| နှမ်းနက်(ရိုးရိုး) | | 1370–1420 | 1370–1420 | 1370–1420 | 1370–1420 |
| မြေထောက်ပဲ(အနီ) | | 1220–1245 | 1220–1245 | 1280–1305 | 1300–1325 |
| မြေထောက်ပဲ(အဖြူ) | | 1075–1100 | 1075–1100 | 1120–1145 | 1140–1165 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 1040–1075 | 1040–1075 | 1070–1105 | 1070–1105 |
| ပဲယင်း(ဝါ) | | 500–525 | 500–525 | 500–525 | 480–515 |
| ပဲယင်း(နီ) | | 585–635 | 585–635 | 575–625 | 575–625 |
| ပဲကြီး | | 900–935 | 900–935 | 900–935 | 900–935 |
| Azuki /Mung Beans (Red) Small Red Beans | | 1000–1025 | 1000–1025 | 1000–1025 | 1000–1025 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3.4.2024 to 9.4.2024 | 10.4.2024 to 16.4.2024 | 24.4.2024 to 30.4.2024 |
|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken (Well Milled Sortexed) | | 575-585 | 570-580 |
| 2 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 585-590 | 575-585 | 570-580 |
| 3 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 580-585 | 570-575 | 565-570 |
| 4 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 575-580 | 565-570 | 560-565 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 560-565 | 560-565 | 555-560 |
| 6 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 540-545 | 535-540 | 530-535 |
| 7 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 585-590 | 585-590 | 580-585 |
| 8 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 580-585 | 580-585 | 575-580 |
| 9 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 570-575 | 570-575 | 565-570 |
| 10 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 560-565 | 560-565 | 555-560 |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 585-590 | 575-585 | 570-580 |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 580-585 | 570-575 | 565-570 |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 575-580 | 565-570 | 560-565 |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 560-565 | 560-565 | 555-560 |
| 15 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 580-585 | 580-585 | 575-580 |
| 16 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 570-575 |
| 17 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 570-575 | 570-575 | 565-570 |
| 18 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 560-565 | 560-565 | 555-560 |
| 19 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 540-545 | 540-545 | 535-540 |
| 20 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 605-615 | 605-615 | 600-610 |
| 21 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 585-590 | 585-590 | 580-585 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 580-585 | 580-585 | 575-580 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 570-575 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 560-565 | 560-565 | 555-560 |
| 25 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 650-655 | 650-655 | 645-650 |
| 26 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 640-650 | 640-650 | 635-645 |
| 27 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 650-655 | 650-655 | 645-650 |
| 28 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 640-650 | 640-650 | 635-645 |
| 29 | Myanmar Glutinous Rice 5% Broken | 645-655 | 645-655 | 640-650 |
| 30 | Myanmar Glutinous Rice 10 % Broken | 635-645 | 635-645 | 630-640 |
| 31 | Myanmar Glutinous Rice 15 % Broken | 625-635 | 625-635 | 620-630 |
| 32 | Myanmar Brown Rice 10 % Broken | 485-495 | 485-495 | 480-490 |

**Source: MRF**

## ၂၀၂၄၊ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.4.2024 | 83.46 | 87.26 | 272.18 | 1.74 | 262.79 |
| 2 | 2.4.2024 | 84.09 | 87.81 | 271.82 | 1.82 | 264.36 |
| 3 | 3.4.2024 | 85.12 | 88.98 | 276.75 | 1.84 | 271.59 |
| 4 | 4.4.2024 | 85.79 | 89.69 | 276.28 | 1.85 | 273.41 |
| 5 | 5.4.2024 | 86.84 | 91.05 | 279.34 | 1.76 | 275.46 |
| 6 | 8.4.2024 | 85.57 | 89.69 | 274.88 | 1.76 | 272.13 |
| 7 | 9.4.2024 | 86.58 | 90.58 | 274.72 | 1.86 | 273.02 |
| 8 | 10.4.2024 | 85.28 | 89.45 | 274.85 | 1.90 | 267.15 |
| 9 | 11.4.2024 | 86.19 | 90.47 | 278.43 | 1.86 | 271.55 |
| 10 | 12.4.2024 | 85.62 | 90.26 | 279.04 | 1.76 | 267.50 |
| 11 | 22.4.2024 | 82.71 | 86.64 | 269.59 | 1.75 | 252.78 |
| 12 | 23.4.2024 | 82.85 | 87.24 | 268.84 | 1.79 | 256.79 |
| 13 | 24.4.2024 | 83.39 | 88.41 | 272.07 | 1.81 | 257.26 |
| 14 | 25.4.2024 | 82.95 | 88.18 | 274.50 | 1.65 | 255.75 |
| 15 | 26.4.2024 | 82.94 | 88.20 | 284.23 | 1.63 | 255.71 |
| 16 | 29.4.2024 | 83.21 | 88.73 | 275.83 | 1.96 | 253.58 |
| 17 | 30.4.2024 | 82.45 | 88.30 | 275.50 | 2.07 | 253.55 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.4.2024 | 2263 | 2268 |
| 2 | 2.4.2024 | 2254 | 2258 |
| 3 | 3.4.2024 | 2286 | 2327 |
| 4 | 4.4.2024 | 2297 | 2305 |
| 5 | 5.4.2024 | 2281 | 2285 |
| 6 | 8.4.2024 | 2344 | 2348 |
| 7 | 9.4.2024 | 2349 | 2353 |
| 8 | 10.4.2024 | 2354 | 2359 |
| 9 | 11.4.2024 | 2339 | 2342 |
| 10 | 12.4.2024 | 2386 | 2390 |
| 11 | 22.4.2024 | 2372 | 2375 |
| 12 | 23.4.2024 | 2307 | 2311 |
| 13 | 24.4.2024 | 2328 | 2332 |
| 14 | 25.4.2024 | 2322 | 2326 |
| 15 | 26.4.2024 | 2322 | 2326 |
| 16 | 29.4.2024 | 2336 | 2340 |
| 17 | 30.4.2024 | 2326 | 2331 |

Source: Bullionvault,

မှတ်ချက်။ ရန်ကုန်၊ မန္တလေးရွှေဈေးသည် e trade Myanmar တွင် ဈေးနှုန်းတက်ခြင်းမရှိပါသောကြောင့် ဈေးနှုန်းရရှိချိန်တွင်ပြန်လည်ဖော်ပြပေးပါမည်